ကြေးမုံ
The Mirror
၁၃ဖေဖော်ဝါရီ ဦးတန်ခူးလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (4-5-2005)(၄၅၈၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ရေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပညာရေးသည် နိုင်ငံတော်ပို့ ပြုးတိုးတက်မှုဖြစ်စဉ်အဆင့်ဆင့်တွင် ပဓာနအကျဆုံးပင်မစွမ်းအားဖြစ် နိုင်ငံတော်အစိုးရက မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ပြည်သူများ ပညာရည်မြင့်မားရေး၊ အသိအမြင်ပဟုသုတ ကြွယ်ဝပြည့်စုံရေးသည် အလွန်အရေးပါ

ရန်ကုန် မေ ၃

၂၀၀၅ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်ဖြို့မြည်လမ်းရှိ စီနီယာတုန်းမဲ့ခံကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး(အဆင့်မြင့်ပညာကဏ္ဍ)နှီးနှောဖလှယ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ကတ်ရောက်

အဆိုပါ ၂၀၀၅ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး(အဆင့်မြင့်ပညာကဏ္ဍ)နှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်ဖူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်ဖြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးရှုးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးရှုးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ညွှန်ကြားရေးရှုးများနှင့် ပါမောက္ခများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) **စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲**

အမျိုးသားပညာရည်မြင့်မားရေး

အမျိုးသားရေး ဦးတည်ချက်တစ်ရပ်ဖြစ်သော အမျိုးသားပညာရည် မြင့်မားရေးဆိုသည့် မျှော်မှန်းချက် အောင်မြင်ပြည့်မြောက်မှသာလျှင် နိုင်ငံတော်ကြီး၏ အနာဂတ် ပြည့်စုံတင့်တယ်ရေးနှင့် အဝွန့်ရည်တည်တံ့ခိုင်မြဲရေးတို့အတွက် အာမခံပေးနိုင်မည်ဆိုသည်ကို အလေးအနက်ခံယူပြီး အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းအဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းအောင် အမျိုးသားရေးအသိ၊ အမျိုးသားရေး အမြင်ဖြင့် ကြိုးပမ်းဆောင်ရွက်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၄-၅-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ပြည်တွင်းရေး အစစ်အမှန်တရားများ ရှာဖွေဆည်းပူးမှတ်သား အဖြင်ကျဉ်းမြောင်းသည့် နှောင့်ယှက်မှုများ တားဆီးဖယ်ရှား

ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွဲ့ဖြိုးရေးအသင်းနာယကဂ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွဲ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မေလ ၂ ရက်နေ့က နှင်္ဘာဘီမြို့နယ်ရှိ ပြည်ထောင်စု ကြိုဆိုရေးနှင့် ဖွဲ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသော ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွဲ့ဖြိုးရေးအသင်း မြန်မာရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ်(၇)သင်တန်းဖွင့်ပွဲ အခမ်းအနား၁သို့ တက်ရောက်၍ ဩဝါဒစကား ပြောကြားခဲ့ကြောင်း သိရသည်။

အသင်းနာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဩဝါဒစကား ပြောကြားရာတွင် **မိမိပြည်တွင်းရေး၏ အစစ်အမှန်တရားတွေကို ရှာဖွေဆည်းပူးမှတ်သားရမှာဖြစ်ကြောင်း၊ ကမ္ဘာ့ပြဿနာများနှင့် ပြည်တွင်းရေးများမှာ ဝင်ရောက်စွက်ဖက် လွှမ်းမိုးလိုသည့် နောက်ခံအတွင်းရေးများကို ဖော်ထုတ်ဆန်းစစ်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဦးတည်ဖော်ဆောင်နေသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးတွင် အဖြင်ကျဉ်းမြောင်းသည့် ချဉ်းကပ်မှုများနှင့် နှောင့်ယှက်မှုများကို မြင်အောင်ကြည့်ပြီး မြတ်မြတ်သားသား ဖယ်ရှားကြရမည်ဖြစ်ကြောင်း** မှာကြားသွားသည်။

ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွဲ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအင်အားစုဖြစ်သည်နှင့်အညီ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရာတွင် အစိတ်အပိုင်းတစ်ခုအဖြစ် လက်တွေ့ပါဝင်လှုပ်ရှားလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး၊ ဖွဲ့ဖြိုးတိုးတက်သော အနာဂတ်ကို ဖန်တီးနိုင်ရေးနှင့် နိုင်ငံတော်အား အဖျက်အဆောင်သမားများ၏ လုပ်ကြံဖန်တီးနှောင့်ယှက်မှုများမှ ကာကွယ်နိုင်ရေးတို့အတွက် အစဉ်သတိပြု လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

မျက်မှောက်ကမ္ဘာ့၏ ဖြစ်စဉ်ဖြစ်ရပ်များတွင် အခြေအနေအရပ်ရပ်သည် တစ်ခုနှင့် တစ်ခုဆက်စပ်ယှက်နွှယ်မှုများ ဖြစ်ပေါ်နေသောကြောင့် အပြည်ပြည်ဆိုင်ရာကဏ္ဍ၏ အနေအထားများကို အရင်းအမြစ်ကျကျ လေ့လာဆန်းစစ်နေကြရန် လိုအပ်မည်ဖြစ်သည်။ တစ်ချိန်တည်း တွင်မြန်မာပြည်တွင်းရေးရာများ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးစလုံး၏ ဖြစ်စဉ်ဖြစ်ရပ်အစစ်အမှန်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာကြရမည်ဖြစ်သည်။

သို့မှသာ အပြည်ပြည်ဆိုင်ရာဖြစ်စဉ်များနှင့် မြန်မာရေးရာဖြစ်ရပ်များကို လေ့လာသိရှိကြပြီး အကြောင်းအကျိုးနှင့် အကောင်းအဆိုးတို့ကို ပကတိအခြေအနေအရအတိုင်း သိရှိသဘောပေါက်လာပြီး မည်ကဲ့သို့ ဖိုင်ဖိုင်မာမာရပ်တည်လုပ်ကိုင်သွား၍မည်ကို မှန်မှန်ကန်ကန် သုံးသပ်ချမှတ်နိုင်ကြမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် အကောင်အထည်ဖော် တည်ဆောက်နေသည်။ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး တစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက်၊ ကဏ္ဍအလိုက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့က အေးချမ်း၊ တည်ငြိမ်ရေး၊ စိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေး၊ စိတ်ဓာတ်၊ မျှဝေခံစားရေး၊ စိတ်ဓာတ်နှင့် နိုင်ငံတော်တည်ဆောက်ရေး စိတ်ဓာတ်တို့ဖြင့် အားသွန်နှစ်စိုက် ကြိုးပမ်းဆောင်ရွက်နေမှုများကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ၊ အောင်မြင်မှုရလဒ်များ ဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

သို့သော်လည်း ကိုလိုနီဩဇာခံနယ်ချဲ့လက်ပါးစေအချို့နှင့် အဖြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမား အချို့ကမူ နိုင်ငံတော်ကို ဖရိဖရဲဖြိုကွဲပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား ပျက်စီးစေရန် ကြစည်ဖန်တီး၊ လုပ်ဆောင်နေကြဆဲ ဖြစ်သည်။ အဆိုပါအဖျက်သမားများ၏ ဝင်ရောက်စွက်ဖက်လုပ်ဆောင်မှုများကို အစဉ်သတိပြု တားဆီးဖယ်ရှားသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွဲ့ဖြိုးရေးအသင်း၀င်များအနေဖြင့် မိမိတို့ပြည်တွင်းရေး၏ အစစ်အမှန်တရားများကို မပြတ်ရှာဖွေဆည်းပူးလေ့လာပြီး ယနေ့ဦး တည်ဆောက်ဖော်ဆောင်နေသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် အဖြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမား အချို့၏ ချဉ်းကပ်နှောင့်ယှက်မှုလုပ်ရပ်များကို ပြတ်ပြတ်သားသားတားဆီး ဖယ်ရှားသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ခန္တီးလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းတိုးချဲ့ရေးလုပ်ငန်း ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁ ရက် န်နက်ပိုင်းတွင် မြန်မာ့လေကြောင်း လေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ လေဆိပ်အရေးကြီးပုဂ္ဂိုလ်နာခေနဆောင်၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်နှင့် တာဝန်ရှိသူများက ပြည်တွင်း၊ ပြည်ပလေယာဉ်များ ဆင်းသက်မှု၊ လေကြောင်းဖြတ်သန်းမှု၊ လေကြောင်းဆက်သွယ်ရေးဆိုင်ရာ ကိရိယာများ၊ ခရီးသည်နာရေးဆောင်နှင့် လျှပ်စစ်ဓာတ်အား၊ ရေဆိုးပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်မှု၊ မိမိ၊လန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းပင်များစိုက်ထူး၊ထား၍မှုနှင့် လေဆိပ်အတွင်း ပြုပြင်ထိန်းသိမ်းထား၍မှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆွန်းလေဆိပ်သို့ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေဆိပ်စီမံကိန်း အထူးအဖွဲ့(၄) စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးဝင်းလွင်က လေယာဉ်ပြေးလမ်းတောင်ဘက်ထိပ်မှ အလျားပေ ၁၅၀၊ အကျယ်ပေ ၁၀၀ အထိ တိုးချဲ့ပြီး စုစုပေါင်း အလျားပေ ၅၆၀၀ အထိ ကျောက်ကတ္တရာခင်းခြင်း လုပ်ငန်းပြီးစီးမှု၊ ပြေးလမ်းတောင်ဘက်မြေကြီး လုပ်ငန်းဆောင်ရွက်နေမှု၊ စက်ယန္တရားများအသုံးပြုနိုင်မှု၊ စက်ဝန်းဆီ ရရှိသုံးစွဲမှုများကို ပုဝဲကား ချပ်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ အင်ဂျင်နီယာချုပ် (လေယာဉ်ကွင်း) ဦးထွန်းပေါ်ကဖြည်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် နယ်မြေခံ စစ်ဗျူဟာများ ဗိုလ်မှူးကြီး မင်းဆွေက လေယာဉ်ပြေးလမ်း တိုးချဲ့ရေးအတွက် လိုအပ်သော မြစ်ကျောက်များ ရှာရေး ပံ့ပိုးဆောင်ရွက်ဆေးနိုင်မှုကို ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြသည်။ ထို့နောက် နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းဆွေက လေယာဉ်ပြေးလမ်း တိုးချဲ့ရေးအတွက် လိုအပ်သော မြစ်ကျောက်များ ရှာရေး ပံ့ပိုးဆောင်ရွက်ဆေးနိုင်မှုကို ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ခန္တီးလေယာဉ်ကွင်း၏ မူလလေယာဉ်ပြေးလမ်းမှာ အလျားပေ ၄၂၀၀၊ အကျယ်ပေ ၁၀၀ ကျောက်ရောမြေခင်းအမျိုးအစားအဖြစ် ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွဲ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းကြီးများ အောင်မြင်ရေးတို့ကို အားသွန်စွန်စိုက် ပါဝင်ဆောင်ရွက်ကြရေး မှာကြားပြီး အလုပ်အမှုဆောင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးကာ ဝန်ကြီးက အသင်းအတွက် အလှူငွေများကို ခရိုင်အလုပ်အမှုဆောင် ဦးမြတ်ကိုထဲ ပေးအပ်သည်။

(သတင်းစဉ်)

ဖြည့်ဆည်း

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် လေယာဉ်ပြေးလမ်း တစ်လျှောက် မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး လေယာဉ်ပြေးလမ်း တောင်ဘက်ပိုင်းတွင် စက်ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်

ထိုမှတစ်ဆင့် ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွဲ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ခန္တီးခရိုင် ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွဲ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ ခရိုင်၊ ဖွဲ့နယ်နှင့်ရပ်ကွက်များမှ ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွဲ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းကြီးများ အောင်မြင်ရေးတို့ကို အားသွန်စွန်စိုက် ပါဝင်ဆောင်ရွက်ကြရေး မှာကြားပြီး အလုပ်အမှုဆောင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးကာ ဝန်ကြီးက အသင်းအတွက် အလှူငွေများကို ခရိုင်အလုပ်အမှုဆောင် ဦးမြတ်ကိုထဲ ပေးအပ်သည်။

(သတင်းစဉ်)

စစ်တုရင်လူငယ်အဖွဲ့ ဘရူနိုင်းသို့ ထွက်ခွာ

ရန်ကုန် မေ ၃

ASEAN Chess Confederation နှင့် ဘရူနိုင်းနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်ပြီး ဧပြီ ၂၈ ရက်မှ ဇွန် ၁၀ ရက်အထိ ဘရူနိုင်း ဒါရုဆလမ်မိန့်ယာရွာ ကျင်းပမည့် ပူးပေါင်းလေ့ကျင့်ရေး အစီအစဉ်များသို့ တက်ရောက်ရန် မြန်မာနိုင်ငံတွင် စစ်တုရင်အဖွဲ့ချုပ်မှ နည်းပြဂရင်းမာစတာ ဇော်ဝင်းဆောင်၍ အမျိုးသားလူငယ်လက်ရွေးစင်အဘ်းကစားသမားများဖြစ်ကြသည့် ဟိန်းမြင့်မြတ်ကျော်နှင့် ပိုင်မိုးမြင့်၊ အမျိုးသမီးလူငယ်နှင့် (SEA Games) လက်ရွေးစင်များဖြစ်သည့် မြတ်သိရိအောင်ကျော်ဇွန်တို့ ဝင်းဝင်းသွယ် **(အောက်ပုံ)** တို့ ပါဝင်သောအဖွဲ့သည် ဧပြီ ၂၇ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

(အား/ကဝ)

ဧပြီ ၃၀ ရက်က မရမ်းကုန်းမြို့နယ် ဘက်စုံပညာရည်ချိန်သွေးနိုးမြှင့်ပို့ကျင်းပရာမြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းကဗဟို ဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံ ပညာဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ် (၅၆)တွင် သင်တန်းသူစုပြဆုရုအထက(၃) မရမ်းကုန်း မှ အလယ်တန်းပြဆရာမ ခေါ်ဝါဝါအား မြို့နယ်ဂုဏ်ပြုဆုပေးအပ်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပဖြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟို အလုပ်အမှုဆောင်များ၊ ဗဟို ကောင်စီဝင်များ၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်း ရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

သဘာပတိ

အစည်းအဝေးတွင်သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက ဆောင်ရွက်ပြီး အဓမ်းအနာမှုးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်နုအေးခင်က ဆောင်ရွက်သည်။

ရှေ့ဦးစွာ အစည်းအဝေးသဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထိုနောက် အသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်း၏ ၂၀၀၄ ခုနှစ် လုပ်ငန်းအစီရင်ခံစာကို လည်းကောင်း၊ အကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်းက ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်၏ စာရင်းစစ် အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ငွေစာရင်း ရှင်းတမ်းနှင့် ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေစာရင်းကို လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး အတည်ပြုချက် ရယူကြသည်။

ယင်းနောက် ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၄ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားကြသည်။

ထို့နောက် ကျန်ရှိသေးသော အစီရင်ခံစာများကို အချိန်ကုန်သွားသဖြင့် ဒေါက်တာဒေါ်ဝေဝေသာက ဖတ်ကြားသွားရန် ပြောကြားသည်။

ဒေါက်တာဒေါ်ဝေဝေသာက ဖတ်ကြားသွားသော ၂၀၀၄ ခုနှစ် လုပ်ငန်းအစီရင်ခံစာတွင် ပါဝင်သော အကြောင်းအရာများမှာ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ အစည်းအဝေးများ ကျင်းပခြင်း၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်တာများ ကျင်းပခြင်း၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ဘဏ္ဍာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ဝန်ထမ်းများ ခန့်အပ်ခြင်း၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ဝင်ငွေအခြေအနေ၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ကုန်ကျစရိတ်အခြေအနေ၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ ဘဏ္ဍာရေးအ

အရှေ့မြောက်အာရှသုံးနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ကြရန် ဆွေးနွေး

ပေကျင်း မေ ၂

တရုတ်နိုင်ငံ ဖြို့တော်ပေကျင်းတွင် ဧပြီ ၂၃ ရက်မှ ၂၉ ရက်အထိ ကျင်းပသော အရှေ့မြောက်အာရှဒေသ ဖွံ့ဖြိုးရေးဖိုရမ်ဆွေးနွေးပွဲ၌ တရုတ်၊ ဟောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ကျွမ်းကျင်သူ ပညာရှင်များနှင့် တက္ကသိုလ် ပညာရှင် ၁၂၀ ခန့်က ဒေသဆိုင်ရာ စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုပြဿနာများ ဆွေးနွေးကြကြောင်း တနလ်ာနေ့ ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဖော်ပြ

တရုတ်၊ ဂျပန်နှင့် ကောင်ကိုရီးယား နိုင်ငံတို့၏ လက်ရှိစီးပွားရေးအင်အား သည် ကမ္ဘာ့ပြည်တွင်း အသာတင်ထုတ်လုပ်မှုတစ်ဖို့(ဂျီဒီပီ)၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း၊ အရှေ့မြောက်အာရှဒေသတွင် စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုသည် ဒေသဆိုင်ရာနိုင်ငံများ၏ တူးမြောအကျိုးစီးပွားအတွက်ဖြစ်ကြောင်း ကောင်ကိုရီးယား၀န်ကြီးချုပ်ဟောင်းလီဟန်ဆေါင်ကင်း၏ မိန့်ခွန်းတွင် ဖော်ပြသည်။

ဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတကာ စီးပွားရေး ပေါင်းစည်းမှု၏ မောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း အရှေ့မြောက်အာရှဖွံ့ဖြိုးရေးဖိုရမ်၏ အတွင်းရေးမှူးချုပ် ပါမောက္ခကျန်ကျင်မိုက ပြောကြားသည်။

အရှေ့မြောက်အာရှဒေသတွင် စီးပွားရေး အခြေခံကောင်းများ တိုးတက်ကောင်းမွန်မှုနှင့် ဈေးကွက်ကျယ်ပြန့်မှု မြင့်တင်နိုင်မည် အလားအလာများ ရှိနေကြောင်း ပါမောက္ခကျန်က ပြောကြားသည်။

တိုးချဲ့

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စွမ်းအင်၊ ဘဏ္ဍာရေးနှင့် လယ်ယာစိုက်ပျိုးရေး ကဏ္ဍတို့တွင် အရှေ့မြောက်အာရှဒေသနိုင်ငံများ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ တရုတ်၊ ဟောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့သင့်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်သအမတ်ကြီး ဟောင်းမာကိုတိုတာနီဂူချိုက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တိဟီရန်အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်း ပြန်လည်ဖွင့်လှစ်

တိဟီရန် မေ ၂

အီရန်ခေါင်းဆောင်ခိုမေနီ သေဆုံးပြီးနောက် တိဟီရန်ရှိ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းအသစ် ဆောက်လုပ်ခဲ့သည်။ ထိုလေယာဉ်ကွင်းကို လုံခြုံရေးအရ ယမန်နှစ် မေလကတည်းက ပိတ်ထားခဲ့ရာ ဧပြီ ၃၀ ရက်တွင် ပြန်လည် ဖွင့်လှစ်ခဲ့ကြောင်း၊ မိဒီယာသတင်းများတွင် ရေးသား ဖော်ပြခဲ့သည်။

အဆိုပါ လေယာဉ်ကွင်းသည် တိဟီရန်အနောက်တောင်ဘက် ကီလို မီတာ၈၀ခန့်တွင် တည်ရှိပြီး ယခုအခါ ထိုလေယာဉ်ကွင်းကို ပထမအဆင့် အနေဖြင့် ဖွင့်လှစ်ခြင်းဖြစ်သည်။ အဆိုပါ လေယာဉ်ကွင်း ဖွင့်ပွဲကို နိုင်ငံခြားလေယာဉ်တစ်စင်း ဆင်းသက်လာခြင်းဖြင့် ရိုးရိုးကိုက်ကာ ဖွင့်လှစ်ခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဝင်ထွက်သွားလာ

အီရန်တွင် ယင်းလေယာဉ်ကွင်းသည် အကြီးဆုံးဖြစ်ပြီး လောလောဆယ် အာဖြင့် နှစ်စဉ်ခရီးသည်ခြောက်သန်း ခန့် ဝင်ထွက်သွား လာနိုင်မည်ဖြစ်သည်။ နောင်ဒုတိယအဆင့်တတိယအဆင့်များ အဆိုပါ လေယာဉ်ကွင်း ဖွင့်ပွဲကို ပြီးသောအခါ အဆိုပါခရီးသည် ဝင်ထွက်သွား လာနိုင်မှု ပမာဏသည် သုံးဆအထိ တက်လာဖွယ်ရှိသည်ဟု ဆိုသည်။

ကြေညာ

အီရန်တွင် အဆိုပါလေယာဉ်ကွင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ကြောင်း အီရန်အစိုးရ လေကြောင်းအာဏာပိုင်များက ပြီးခဲ့သောအပတ်က ကြေညာခဲ့သည်။ အီရန်နှင့်အာရပ် ဓော်ဘွာများ ပြည်ထောင်စုကြား ရှိ လေကြောင်းလိုင်း ပျံသန်းမှုအား လုံသည်အဆိုပါလေယာဉ်ကွင်းကို အသုံးချသွားမည်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်၌ ကားဗုံးနှစ်လုံးပေါက်ကွဲ သုံးဦးသေ၊ ၁၃ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂

ဘဂ္ဂဒက်အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် ဧပြီ၃၀ရက်က ကားဗုံးနစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ လူသုံးဦး သေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ သတင်းများအရ သိရသည်။

အဆိုပါ ပေါက်ကွဲမှု နှစ်ခုသည် စစ်ဘက်ယာဉ်တန်းနှင့် နိုင်ငံရေးသမား တစ်ဦးတို့ကို ရည်ရွယ်တိုက်ခိုက်ခြင်း ဖြစ်သည်ဟု ဆိုသည်။ စစ်ဘက်ကို ရည်ရွယ်တိုက်ခိုက်သော ကားဗုံးဖောက်ခွဲမှုသည် ဘဂ္ဂဒက်မြို့တော်အရှေ့ဘက် ဇာယိနာအရပ်တွင် ဖြစ်ပွားကြောင်း သိရသည်။ ထိုအဖြစ်အပျက်ကြောင့် ကလေးတစ်ဦး အပါအဝင် လူနှစ်ဦး သေဆုံးသွားပြီး အခြားလူ၁၀ဦးလည်း ဒဏ်ရာ ရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုတိုက်ခိုက်မှုသည် ၎င်းတို့ လက်ချက်ဖြစ်ကြောင်းကို အယ်လ်ခိုင်ဒါအဖွဲ့က အင်တာနက်ဝက်ဘ်ဆိုက်တွင် တင်၍ ဖော်ပြထားသည်။ အီရတ်ရှိ အဆိုပါ အဖွဲ့ကို ကျော်ဒန်နိုင်ငံသား အာဘူမူဆာအယ်လ်ဇာကာဝီကဉ်းဆောင် သည်ဟု လက်ခံထားကြသည်။

နိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ်သော အာဘူရာဟာအယ်လ်ကာဖာ်ကို ပစ်မှတ်ထား သော ဒုတိယကား ဗုံးခွဲမှုသည် ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် ဖြစ်ပွားခြင်း ဖြစ်သည်။ ထိုခေါင်းဆောင်၏ ယာဉ်တန်းဖြတ်သွား စဉ် ပေါက်ကွဲစေတတ်သော ပစ္စည်းများ တင်ဆောင်ထား သောကားကို အသေခံကားဗုံးခွဲသမား က ဖောက်ခွဲလိုက်ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ သတင်းပေးသည်။ အခင်းဖြစ်ပွားမှုကြောင့် သက်တော်ဆောင် တစ်ဦး သေဆုံးသွား ပြီး အခြားသုံးဦး တို့ဒဏ်ရာရရှိသွားကြကာ ဖာဂျီသည် ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင် ဖြစ်သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် အရပ်ဘက်သုံးကား ခြောက်စီးပျက်စီးသွားသည်။ ပေါက်ကွဲ မှုဖြစ်ပွားရာနေရာသို့ အမေရိကန်တပ်ဖွဲ့များ ရောက်ရှိလာပြီး ပစ်ခတ်သည့်အတွက် အနီးအနား၌ သွားလာနေသူများသေဆုံးကြရကြောင်း မျက်မြင် တွေ့ရှိသူများက ပြောကြားကြသည်။ အမေရိကန်စစ်ဘက်က ထိုကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာ ဖွံ့ဖြိုးရေးအတွက် အိန္ဒိယကူညီလို ဆူနာမီ ပြန်လည်ထူထောင်ရေး ပူးပေါင်းဆောင်ရွက်မည်

ကိုလံဘို မေ ၂

သီရိလင်္ကာနိုင်ငံ၏ ဒြပ်ချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးမှုတို့အတွက် ကူညီရန် မိမိနိုင်ငံ အသင့်ရှိကြောင်း ဖြို့တော်ကိုလံဘို ရောက်ရှိနေသော အိန္ဒိယနိုင်ငံခြား ရေးအတွင်းဝန် ရာယန်ဆာရန်က စနေနေ့တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

လိုလား

အိန္ဒိယနိုင်ငံသည် သီရိလင်္ကာနိုင်ငံ တည်ငြိမ်အေးချမ်းမှုရှိရေး ကြိုးပမ်းရာတွင် ပါဝင်ကူညီရန် လိုလား ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

အိန္ဒိယနိုင်ခြားရေးအတွင်းဝန်သည် လေးရက်ကြာ ခရီးစဉ်အဖြစ် သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိနေသည်။

ဒီမိုကရေစီနှင်ဗဟုပါဒကျင်သုံးသော လူ အသိုက်အဝန်း သီရိလင်္ကာတွင် ပေါ်ထွန်းရေးအတွက် လည်းကောင်း၊ ဗြိမ်းချမ်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်တင်နိုင်စေရန်လည်းကောင်း အိန္ဒိယနိုင်ငံက အား ပေးကူညီရန် စိတ်ဝင်စားကြောင်း ရှာယစ်ဆာရန်ကပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့သည် ဆူနာမီဘေးဒဏ်ခံခဲ့ရသော ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်လိုကြောင်း ၎င်းကပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၏ မီးရထားနှင့် လမ်းကွန်ရက်များ တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံက စိတ်ဝင်စား ကြောင်း၊ ဒီဇင်ဘာ ၂၆ရက်ကဆူနာမီကပ်ဘေးဆိုက်ရောက်မှု တွေ့ကြုံခဲ့ရစဉ်က သီရိလင်္ကာနိုင်ငံ ထံသို့ လူမှုရေးအကူအညီ ပထမဆုံး ပေးသည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ပီတီဆိုင်း။

ကြေးမုံ နိုင်ငံတကာသတင်းများ

တယ်လ်အဖာမြို့၌ဗုံးပေါက်ကွဲ ၂၅ဦးသေဆုံးပြီး ၃၀ဒဏ်ရာရရှိ

ဘဂ္ဂဒက် မေ ၂

အသေခံကားဗုံးဖောက်ခွဲသူတစ်ဦးက အီရတ်နိုင်ငံမြောက်ပိုင်း အသုဘအခမ်း အနား၁၀မိနစ်ခန့်အတွင်း ဗုံးဖောက်ခွဲမှုကြောင့် လူ၂၅ဦး သေဆုံးသွားပြီး အခြား၃၀ဦးခန့် ဒဏ်ရာရရှိသွားခဲ့ကြောင်း ရုပ်မြင်သံကြားသတင်းဌာနက အရသိရသည်။ အဆိုပါ ဗုံးပေါက်ကွဲမှုသည် ဘဂ္ဂဒက် မြို့တော်မြောက်ပိုင်း ကီလိုမီတာ ၄၀၀ အကွာရှိ မိုဆူးလ်မြို့ အနီး တယ်လ်အဖာမြို့တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ရိုက်တာအခြေစိုက် အယ်လ် ဂျာဇီယာ ရုပ်မြင်သံကြား သတင်းဌာနက ဇွန်လ ၈ ရက်က ဖော်ပြသည်။

စုရုံးရောက်ရှိ

ကာဒ်ဒီမိုကရက်တစ်ပါတီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး လွန်ခဲ့သည့်ရက်က သေဆုံးသွား ခဲ့သဖြင့် ၎င်း၏အသုဘ အခမ်းအနား သို့ တက်ရောက်ရန် ဒေသဆိုင်ရာ ကာဒ်ဒီမိုကရက်တစ်ပါတီဌာနချုပ်သို့ စုရုံးရောက်ရှိနေစဉ် အသေခံ ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ပိတ်ဆို့

လက်နက်ကိုင်များက လမ်းကို ပိတ်ဆို့လိုက်ပြီး ယင်းနေရာသို့ ရောက်ရှိလာသော အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ် ရဲတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ကြသည်။ ယင်းဖြစ်ရပ်သည် အီရတ်နိုင်ငံရေးလုပ်ငန်းစဉ် ပျက်ပြားနေမှုကြောင့် စိတ်အားတက်ကြွနေသော ပြောက်ကျား များ၏ ရဲတင်းမှုကို ရောင်ပြန်ဟပ်ဖော်ပြနေခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

စောင့်ကြပ်

အီရတ်နိုင်ငံ ဆက်ဖိဝန်ဖြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော မြို့တိသျှ တပ်ဖွဲ့ဝင်တစ်ဦးကို မေ ၂ ရက်က ထွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပို့ကုန်တင်ပို့မှု တူရကီတိုးမြှင့်မည်

အန်ကာရာ မေ ၂

တူရကီနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံသို့ လာမည့်ငါးနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ တန်ဖိုးရှိ ပို့ကုန်များကို တိုးမြှင့်တင်ပို့ရန် ရည်မှန်းထားကြောင်း တူရကီပြည်နယ်ဝန်ကြီး ကူဆတ်တပ်မဲမင်က အဂ်ါနေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန် ကုန်သွယ်ရေး ဝန်ကြီး အမင်အာဆာလာသည် အကောက်နှုန်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။**အမ်အင်အေ၊ဆင်ဟွာ။**

အီရတ်နိုင်ငံ ကာရာဒက်ဖြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက်လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန် တပ်မဖွဲ့ဝင် တစ်ဦးကို မေ ၂ ရက်က ထွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး ဆောင့်ရောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြား�စဉ်။ (သတင်းစဉ်)

➪ မြန်မာနိုင်ငံမှ

အထူးဖိတ်ကြား-ထား-သူများ တက်ရောက်ကြသည်။

သိက္ခာရှိရှိ

ရျးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကား-ပြောကြား-ရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး ဆောင့်ရောက်ရေး အသင်း-ကြီး-သည် ယခုဆိုလျှင် သက်တမ်း ၁၄ နှစ် တင်-တင်း ပြည့်မြောက်ပြီး ၁၅နှစ်အတွင်း-သို့ ချင်း-နင်း-ဝင်ရောက်ကောမှာ ဖြစ်ကြောင်း၊ ဖြတ်သန်း-ခဲ့ရသည် ကာလတစ်လျှောက် လုံး-တွင် နိုင်ငံတစ်ဝန်း-လုံး-ရှိမိခင်များ၊ ကလေး-များ-နှင့် မိသား-စုဝင်များ-၏ ဘက်စုံဖွဖြိုး-တိုး-တက်ရေး လိုအပ်ချက် အသွယ်သွယ်ကိုနိုင်ငံတော်၏ ဦး-ဆောင်မှု ဌာန-ဆိုင်ရာများ-၏ တာဝန်ခံ ဆောင်ရွက်ဆေး-မှအဆင်တွင် စနစ်တကျ ပံ့ပိုး-ကူညီဆေး-သည် စေတနာဝန်ထမ်း အဖွဲ့အစည်း-ကြီး-တစ်ရပ်အဖြစ် သိက္ခာရှိရှိ ရပ်တည်ဆောင်ရွက်နိုင်သည်ကိုလည်း တွေ့ရပါကြောင်း။

မွဲ့စည်း-ယေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေး-ဆောင့် ရောက်ရေး-အသင်း-ကြီး-သည် ယနေ့ ဆိုလျှင် အသင်း-ဝင်အင်-အား ၄၊၁သောမှစ၍ သန်း-ကျော် စည်း-ရုံ-စုစည်း-ထား-နိုင်သည့် အပြင် ပြည်သူလူထုအဆင့်မြှင့်ဒေသများ ဖြစ်သော ရပ်ကွက်၊ ကျေး-ရွာ၊ တပ်ရင်း-တပ်ဖွဲ့၊ စက်ရုံအလုပ်ရုံများ-အထိ ကွန်ရက်သဖွယ်ဖြန့် ကြက်ပြီး- အသင်း-ပေါင်း ၃၂၄ သင်း-အထိ ဖွဲ့စည်း-ပေး-နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး-ဆောင့် ရောက်ရေး အသင်း-ကြီး-အနေနှင့်လည်း ပညာရေး-ဆိုင်ရာ ဆောင့်ရောက်ရေး-အဖွဲ့၊ ကျန်းမာရေး-ဆိုင်ရာ ဆောင့်ရောက် ရေး-အဖွဲ့၊ စီးပွား-ရေး-ဆိုင်ရာ ဆောင့် ရောက်ရေး-အဖွဲ့ နှင့် လူမှုရေး-ဆိုင်ရာ ဆောင့်ရောက်ရေး-အဖွဲ့ ဆိုသည်လည်း လုပ်ငန်း-အဖွဲ့ များ-ဖွဲ့ စည်း-ပြီး- မိခင်နှင့်ကလေး-များ-၏ ကျန်း-မာကြိုးခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွား-ရေး၊ မိသား-စုဘဝ လုံဖြိုရေး-စသည် လူမှုရေး ဘက်စုံဖွဖြိုး-ရေး-လုပ်ငန်း-များ-ကို ထိထိရောက်ရောက် မြန့်ကြက်ဆောင်ရွက် အောင်မြင်ဖြစ် ထွန်း-နေသည်ကို တွေ့ရကြောင်း။

ထိုအပြင် အသင်း-ကြီး-၏ ပင်မ တာဝန်များ-ဖြစ်သည့် မိခင်နှင့်ကလေး-စောက်ရောက်ရေး လုပ်ငန်း-များ-ကို သာမက ကလေး-သူငယ်များ၊ လူငယ် လူရွယ်များ၊ သက်ကြီး-ရွယ်အို-များ-စသည့် လူမှုရေး-အုပ်စုအလိုက် လိုအပ်သည့် လူမှုရေး ပြဿနာ-ဆောင်ရွက်ရေးကိုမူ လုပ်ငန်း-များ-အပြင် နိုင်ငံတော်က အလေး-ထား ဆောင်ရွက်နေသော ပြည်သူ့ကျန်း-မာရေး၊ အမျိုး-သမီး-များ-ဘဝတိုး-တက်မြင့်မား-ရေး၊ မိသား-စုဝင် ငွေတိုး-ရေး-နှင့် မိသား-စုဘဝ လုံခြုံရေး-လုပ်ငန်း-များ-ကိုပါ တိုး-ချဲ့ ဆောင်ရွက်ပြီး- လုပ်ငန်း-များ-လည်း တိုး-တက်အောင် မြင်နေသည်ကို တွေ့ရပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေး ဆောက်ရောက်ရေးအသင်း-ကြီး အနေနှင့် မိခင်နှင့်ကလေး-များ-ကို ဗဟို ပြုပြီး- မိသား-စုကိုအခြေခံသည့် လူမှုရေး ကဏ္ဍ ဖွဖြိုးတိုး-တက်မှုများ-ကဏ္ဍစံဆင့် နိုင်ငံတော် ဖွဖြိုးတိုး-တက်ရေးအတွက် အား-ပေး ထောက်ကူနိုင်စေရအောင် အောင်မြင်ထိရောက်စွာ ကြိုး-ပမ်း-ဆောင် ရွက်လျက်ရှိသည်ကို ဂုဏ်ယူစွာ အသိ အမှတ်ပြုပါကြောင်း။

ဆက်လက်ကြိုး-ပမ်း

နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့် တိုင်း-ရင်း-သား လူမျိုး-များ-ဖွဖြိုးတိုး-တက်ရေး စိမ်ကိန်း-ဖွဖြိုး-ရေးအထူး-ဒေသကြီး ၂၄ခု စိမ်ကိန်း-နှင့် ကျေး လက်ဒေသဖွဖြိုး-ရေး လုပ်ငန်း-စဉ်များ-နှင့်အညီ ပြည်သူများ-၏ ပညာရေး၊ ကျန်း-မာရေး၊ လူမှုရေး-နှင့် စီးပွား-ရေး-ဘဝ တိုး-တက်မြင့်မား-စေရေး အစီအမံများ-ကိုလည်း အမှတ်မဲ့ ကြိုးပမ်း-ဆောင်ရွက်ပေးနေသည်ကို တွေ့ရပါကြောင်း။

အမှတ်ရစရာ ဧည့်သည်တော်များ-ကိုလည်း မိမိတို့အသင်း-ကြီး-၏ လူမှုရေး-ကဏ္ဍ ဖွဖြိုး-တိုး-တက်ရေး လုပ်ငန်း-များ-နှင့်ပေါင်း-စပ်ပြီး- ဆက်လက် ကြိုး-ပမ်း ဆောင်ရွက်သွား-ကြပါဟု တစ်ဆက်တည်း မှာကြား-လိုကြောင်း။

ပြည်သူများ-အကြား-က ပေါက်ဖွား-လာသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး-ဆောင့်ရောက်ရေး-အသင်း အပါအဝင် လူမှုရေး အသင်း-အဖွဲ့ များ-၏ နှိုး-ကြား-တက်ကြွသော ပါဝင်မှု-ပေါင်း-ဆောင့် ရွက်မှုများ-ကြောင့် နိုင်ငံတော်၏ နိုင်ငံ ရေး၊ စီးပွား-ရေး၊ လူမှုရေး-ဘက်စုံ ကဏ္ဍစုံမှာ အရှိန်-အဟုန်ဖြင့် ဖွဖြိုး-တိုး-တက်နေသည် ယနေ့အခြေအနေ ရောက်အောင် အောင်အောင်မြင်မြင် စွမ်-ဆောင်-ယ-နိုင်ခဲ့ပြီး- ဖြစ်ကြောင်း။

ယနေ့အချိန်အခါကဲ့သို့ နိုင်ငံတော် ဖွဖြိုးတိုး-တက်မှု အရှိန်-အဟုန်ကို ထိထိ ရောက်ရောက် မြင့်တင်-ယ-နိုင်စေမည့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စီးပွား-ကုန်သွယ်မှုကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်-အင်ကဏ္ဍများ တိုး-တက်ဖြစ်ထွန်း-စေရအောင် ဖိအိစီ-စီ-ကြို-ပမ်-ဆောင်ရွက်ရင်း- နိုင်ငံတော်ကြီး-ကို တည်ငြိမ်အေး-ချမ်-နိုင်မှာသည် ဒီမိုကရေစီ နိုင်ငံကြီး-အဖြစ် ညည်သာစွာ ကူ-ပြောင်း-နိုင်စေရေး-အတွက် ချမှတ်ထား-သည် လုပ်ငန်း-စဉ် (၇)ဆင့်မှ အရေး-အကြီး-ဆုံး-နှင့် ပရာဇနအကျဆုံး-ဖြစ်သော အမျိုး-သား-ညီလာခံကြီး-ကိုလည်း အောင်အောင် မြင်မြင် ကျင်း-ပနိုင်ရေးကိုရှိပါကြောင်း။

တစ်ဆက်တည်း-မှာပင် အေး-ချမ်း-သာယာပြီး- ဆော်မိဖွဖြိုးတိုး-တက်သော နိုင်ငံတော်ကြီး- ပေါ်ထွန်း-လာစေရေး အတွက် အခြေခံလိုအပ်ချက်များ-ဖြစ်သော နိုင်ငံရေး၊ စီးပွား-ရေး၊ လူမှုရေး အခြေခံကောင်း-များ၊ အမျိုး-သား-ရေး-ဦးတည်ချက်များ-နှင့်အညီ နိုင်ငံခြံမာမာ ဖြစ်ထွန်း-နေစေရအောင် ပြည်သူများ-အား-လုံးနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး-ဆောင့်ရောက်ရေးအသင်း အပါအဝင် လူမှုရေး-အသင်း-အဖွဲ့ များ- အား-လုံး-က မိမိတို့အုပ်ငံး-ကဏ္ဍ-အလိုက် ပါဝင် စွမ်-ဆောင်ကြရမည် လုပ်ငန်း-တာဝန် အသီ-သီး-ကို ကျေကျေပွန်ပွန် အောင်အောင်မြင်မြင် ကြို-ပမ်-ဆောင် ရွက်ပေးကြပါဟုမေတ္တာရပ်ခံလိုက်ကြောင်း။

တက်ညီလက်ညီ

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး ဆောင့်ရောက်ရေးအသင်း-ကြီး-အနေနှင့် အသင်း-ကြီး-၏ ပင်မ တာဝန်များ-နှင့်အညီ မိခင်နှင့်ကလေး-များ-အပါအဝင် မိသား-စုများ-၏ ပညာရေး၊ ကျန်း-မာရေး၊ လူမှုရေး၊ စီးပွား-ရေး၊ ဘက်စုံဖွဖြိုးတိုး-တက်စေရေး၊ မိသား-စုဘဝ လုံခြုံအေး-ချမ်-ပြီး- အဆင့်အတန်း- တိုး-တက်မြင့်မား-စေရေးတို့ အတွက် တက်ညီလက်ညီ ဆက်လက် ကြိုး-ပမ်-ဆောင်ရွက်သွား-ကြပါဟု မြော-ကြား-ပြီး ဖွင့်ပွဲအခမ်း-အနား-ကို ရပ်သိမ်း-လိုက်သည်။

ဖွင့်ပွဲအခမ်း-အနား-အဖြင့်-တွင် ကျန်း-မာရေး-ဝန်ကြီး-ဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ-သည် အစည်း-အဝေး-ခန်း-မဠ်ခင်း-ကျင်း-ပြသထား-သော မြန်မာနိုင်ငံ မိခင်နှင့်ကလေး ဆောင့်ရောက်ရေး အသင်း- (၈ဟို)၏ လှပရာ-မှ မှတ်တမ်း-ဓာတ်ပုံများ-ပြည်နှယ်နှင့် တိုင်း-မိခင်နှင့် ကလေး ဆောင့်ရောက်ရေး ကြိုးကြပ်ရေး-အဖွဲ့ ၏ လှပရာ-မှဓာတ်ပုံများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး ဆောင့်ရောက်ရေး-အသင်း-က ထုတ်ဝေသော ကျန်း-မာရေး-ပညာ-ပေး စာစောင်များ၊ ဗီဒီယိုဇွေများ-နှင့် မဂ္ဂဇင်း-များ-ကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

မွန်မြည်နယ် မိခင်နှင့်ကလေး ဆောင့်ရောက်ရေး ကြီး-ကြပ်ရေး-အဖွဲ့ ၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက် အတွင်း-ရေး-မှူး ဒေါက်တာ ဒေါမေသစ်ဆွေ ဖတ်ကြား-တင်ပြ စဉ်။ (သတင်း-စဉ်)

မန္တလေး-တိုင်း မိခင်နှင့်ကလေး ဆောင့်ရောက်ရေး ကြီး-ကြပ်ရေး-အဖွဲ့ ၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက် အတွင်း-ရေး-မှူး ဒေါက်တာဒေါခင် မေသစ် ဖတ်ကြား-တင်ပြစဉ်။ (သတင်း-စဉ်)

ရခိုင်ပြည်နယ် မိခင်နှင့်ကလေး ဆောင့်ရောက်ရေး ကြီး-ကြပ်ရေး-အဖွဲ့ ၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက် အတွင်း-ရေး-မှူး ဒေါက်တာဒေါခင် စန်း-ကြည် ဖတ်ကြား-တင်ပြစဉ်။ (သတင်း-စဉ်)



ရန်ကုန်တိုင်း မိခင်နှင့်ကလေး ဆောင့်ရောက်ရေး ကြီး-ကြပ်ရေး-အဖွဲ့ ၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက် အတွင်း-ရေး-မှူး ဒေါက်တာဒေါခွယ်နီ အုန်း- ဖတ်ကြား-တင်ပြစဉ်။ (သတင်း-စဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး ဆောင့်ရောက်ရေး ကြီး-ကြပ်ရေး-အဖွဲ့ ၏ နှစ်ချုပ်အစီရင်ခံစာကို တွဲဖက် အတွင်း-ရေး-မှူး ဒေါက်တာ ဒေါနန်း-ဆိုင်ဇင် ဖတ်ကြား-တင်ပြစဉ်။ (သတင်း-စဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိခင်နှင့်ကလေး ဆောင့်ရောက်ရေး ကြီး-ကြပ်ရေး-အဖွဲ့ ၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက်အတွင်း-ရေး-မှူး ဒေါက်တာ ဒေါနန်း-ကိန်ဇောင်း-တစ် ဖတ်ကြား-တင်ပြစဉ်။ (သတင်း-စဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေး ဆောင့်ရောက်ရေး ကြီး-ကြပ်ရေး-အဖွဲ့ ၏ နှစ်ချုပ် အစီရင်ခံစာကို တွဲဖက်အတွင်း-ရေး-မှူး ဒေါက်တာ ဒေါခင်မာဦး ဖတ်ကြား-တင်ပြစဉ်။ (သတင်း-စဉ်)

ဧရာဝတီတိုင်း မိခင်နှင့်ကလေး ဆောင့်ရောက်ရေး ကြီး-ကြပ်ရေး-အဖွဲ့ ၏ နှစ်ချုပ်အစီရင်ခံစာကို ဥက္ကဋ္ဌ ဒေါတင်တင်လတ်ကလည်း ဖတ်ကြား-တင်ပြစဉ်။ (သတင်း-စဉ်)

တစ်ယောက်အားဖြင့်မစွမ်းသာ စုပေါင်းကာကွယ်ပါ

ပေါ်ဆမီး
မီးဖိုမီး
အလိုအလျောက်မီး
လျှပ်စစ်မီး
ကောမီး

ရှိ.မီး ဟူ၍ မီးလောင်မှု အမျိုးမျိုးရှိသည်အနက် ပေါဆမှကြောင့် လောင်သောမီးမှာ အများဆုံးဖြစ်သည်။ မှတ်တမ်းများအရ ၁၉၈၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း မီးလောင်မှု အကြိမ်ပေါင်း ၁၈၆၄၇ ကြိမ် ရှိသည်အနက် ပေါဆမှကြောင့် လောင်သောမီးမှာ ၁၀၅၁ ကြိမ် ဖြစ်သည်။ ဆုံးရှုံးမှုတန်ဖိုးမှာ နှစ်စဉ်သန်းပေါင်းရာချီ ဆုံးရှုံးနေသည်။

နိုင်ငံတော်နှင်ပြည်သူတို့ အချိန်ယူပြီး နေ့မအား၊ ညမနား တည်ဆောက်ထားရသော စီးပွား-ရေး၊ လူမှုရေး အခြေခံ အဆောက်အအုံများ၊ လူနေအိမ်ခြေတိုက်တာအိုးအိမ်စည်းစိမ်များ၊ တန်ဖိုးမဖြတ်နိုင်သော ရွေးကောင်းယဉ်ကျေးမှု အမွေအနှစ်များ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခြင်းမှာ နိုင်ငံတော်အတွက် ကြီးမားသောဆုံးရှုံးမှုများ ဖြစ်သည်။

မီးလောင်ဆုံးရှုံးမှုကို သာမန်သဘောမျိုး၊ လူ့အဖွဲ့အစည်းအတွင်း ဖြစ်တတ်ပျက်တတ်သော သဘောမျိုး သတ်မှတ်၍ မရ။ နိုင်ငံတော်နှင့် ပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီးနေသည် ဘေးအန္တရာယ် အဖြစ် သတ်မှတ်ကာ ယင်းအန္တရာယ် မကျရောက်အောင် တားဆီးကာကွယ်သွားရမည် ဖြစ်သည်။

မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး လုပ်ငန်းကို မီးသတ်တပ်ဖွဲ့ဝင်များက **မီးဘေးသတိမူရေး၊ မီးဘေး ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ လူမှုရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေး၏ အရန်အင်အား အဖြစ် ဒေသကျဉ်ခွဲ ရည်တည်ဆောက်ရေး** ဆိုသည့် အဓိကတာဝန်ကြီးငါးရပ်အဖြစ် ချမှတ်ကာ တာဝန်ဝတ္တရားများကို ပီပီပြင်ပြင် ကြိုးပမ်းထမ်းဆောင်လျက် ရှိကြသည်။

မီးသတ်ဦးစီးဌာနသည် မီးငြိမ်းသတ်ရေးလုပ်ငန်းကိုသာမက အသက်ကယ်ဆယ်ရေး လုပ်ငန်းများကိုပါ သက်ဆိုန့်ဆဲများ ဆောင်ရွက်ရသော မွန်မြတ်ကောင်းမွန်သည့် လူမှုဝန်ထမ်း လုပ်ငန်းဖြစ်သည်။

မီးသတ်တပ်ဖွဲ့ဝင်ဟူသည် အများအကျိုးအတွက် အသက်ကိုပင် စွန့်ဝံသူများဖြစ်ရာ ၎င်းတို့၏ စွမ်းစွမ်းတမဆောင်ရွက်မှုများအတွက် ရဲကျော်သူ၊ ရဲစလ၊ ရဲသူရဲ၊ ရဲကျော်စွာ၊ ရဲသူရိန်စသည့် ဘွဲ့ထူး၊ ဂုဏ်ထူးများ နှစ်စဉ်ချီ ဖြင့်ခံရလျက်ရှိသည်။

သာဓကပြရလျှင် ၂၀၀၅ ခုနှစ် မတ်လ ၁၈ ရက်နေ့က ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်း လမ်းထောင့် အမှတ် ၂၁၆၊ ၂၂၂ ရှိ ဆယ်ထပ်တိုက်ခေါင်မိုးပေါ်မှ ခုန်ချရန် ကြစည်သူတစ်ဦးကို မီးသတ်တပ်ဖွဲ့ဝင်များက စွန့်စွန့်စားစား ကယ်တင်နိုင်ခဲ့ကြသည်။

အလားတူ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့က ဘုရင့်နောင်လမ်းမပေါ်ရှိ လွင်ဓာတ်ဆွေ့အရောင်းဆိုင် ပေါက်ကွဲမီးလောင်စဉ်ကလည်း မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရင်း ထိခိုက်ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်ကြား မှ စွန့်စွန့်စား-စား ကာကွယ်ဝေးခဲကြသည်။

ယင်းသို့ မီးလောင်၊ ဓေကြီး၊ လေပြင်းမုန်တိုင်းတိုက်၊ ငလျင်လှုပ် စသည် သဘာဝဘေး အန္တရာယ်များ၏ စိန်ခေါ်မှုကိုရင်ဆိုင်၍ ပြည်သူများ အသက်အိုးအိမ်စည်းစိမ်မပျက်စီး၊ မဆုံးရှုံးရအောင် အစွမ်းကုန် ကြိုးပမ်းကာကွယ် ဘေးရှောက်ပေးနေသူများမှာ မီးသတ်တပ်ဖွဲ့ဝင်များပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် လူမှုစီးပွားအသုံးအဆောင်များ တစ်နေ့တခြား ခေတ်မီ ဆန်းပြားလာသည်နှင့်အမျှ မတော်တဆ မီးလောင်ပေါက်ကွဲမှုများ ဖြစ်ပွားလာသည့်အခါ လောင်စာစွမ်းအင်ဖြင့်မာမှုကို အနှံတုနိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များသည် ခေတ်မီ မီးသတ်ပစ္စည်းကိရိယာများ

မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် နေ့မှာ အသင့်ရှိရေး ကြိုတင် လေ့ကျင့်နေသော မီးသတ်တပ်ဖွဲ့ဝင်များ။

ခေတ်မီ မီးငြိမ်းသတ်ရေး ပစ္စည်းများသုံးစွဲပြီး အမျိုးသား၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် ရင်ပေါင်တန်း မီးငြိမ်းသတ် နေသော အမျိုးသမီး မီးသတ် တပ်ဖွဲ့ဝင်တစ်ဦး။

ဖြစ်သော ဆီမီးနှင့် ရိုးရိုးမီးကို ငြိမ်းသတ်သည်ကိရိယာများ၊ ဓာတ်ငွေ့ယိုစိမ့်မှု တိုင်းတာ သည်ကိရိယာများ၊ အရေးပေါ်ဖောက်ထွင်းဖြတ်တောက် ကယ်ဆယ်သည်ကိရိယာများ၊ အသက်ရှူကိရိယာများ၊ ဓာတ်ငွေ့ကာ မျက်နှာဖုံးစွပ်များ၊ လေမွေ့ရာများ၊ အထပ်ပြင့် အဆောက်အအုံများအထိ တက်ရောက်ပြီး မီးငြိမ်းသတ်နိုင်သည် လေ့ကျ-တင်ယာဉ်များကို သုံးစွဲလာကြရပေသည်။

သို့ရာတွင် ယင်းသို့ ခေတ်မီ မီးသတ်ပစ္စည်းကိရိယာများကို မည်မျှပင် အသုံးပြုပြီး မီးကို ငြိမ်းသတ်နိုင်သည်တိုင် မီးကိုဂရုစိုက်ခြင်း မရှိလျှင် မီးလောင်မှုမှာ ကျဆင်းလျော့နည်းသွားမည် မဟုတ်ပါ။ တစ်နေ့တခြာ များပြားတိုးတက်လာသော လူဦးရေနှင့် လူနေမှုအဆင့်အတန်း မြင့်မားမှုကြောင့် လူတိုင်၏ အသုံးအဆောင်ပစ္စည်းများတွင် လျှပ်စစ်ဓာတ်အား နှင့် လောင်စာ စွမ်းအင်သုံးစွဲမှုမှာ တိုးတက်များပြားလာရသည်။ လျှပ်စစ် ဓာတ်အား နှင့် လောင်စာ စွမ်းအင်သည် မီးလောင် ဆုံးရှုံး မှုကို ပိုမိုမြင့်မားစေသော အရာများဖြစ်သည်။

ဤကဲ့သို့သော မီးလောင်ဆုံးရှုံးမှုများကို ငြိမ်းသတ်ရမည်တာဝန်မှာ မီးသတ်တပ်ဖွဲ့ဝင်များ၏ တာဝန်သာဟူ၍ သဘောထား-ရန်မသင့်ပေ။ ပြည်သူတစ်ရပ်လုံး ပိုင်းဝန်း-ပူးပေါင်းဆောင်ရွက်မှသာ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ် တား-ဆီးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၃၀၀၀ ကျော်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၃၀၀၀ ကျော်ရှိပေသည်။ အဆိုပါ မီးသတ်တပ်ဖွဲ့ဝင်တိုင်း ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသော မီးသတ်ပညာရပ်များနှင့် ခေတ်မီ မီးသတ်ပစ္စည်းကိရိယာများကို သုံးစွဲလျက် မီးဘေးကာကွယ်ရေးကို ဆောင်ရွက်နေသည်တိုင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကိုလည်း အမြဲတစေ လိုအပ်လျက်ရှိနေပေသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် စက်ရုံ၊ အလုပ်ရုံ၊ စက်မှုစုန်များတွင် မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှု စနစ်တကျရှိမရှိ စစ်ဆေးလျက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော စည်းရုံးလှုံ့ဆော်လျက်ရှိသည်။ တစ်ဆိမ်မတက်ဆင်း ကြည့်ရှုစစ်ဆေးခြင်း၊ အထပ်မြင့် အဆောက်အအုံဆောက်လုပ်ရေးဆိုင်ရာ အရည်အသွေး ထိန်းသိမ်းစစ်ဆေးရေးအဖွဲ့များကစစ်ဆေးကြပ်မတ်အကြေပေးလျက်ရှိသည်။ သို့ဖြစ်ရာ ပြည်သူများအပိုင်းကလည်း မီးဘိုမီး၊ လျှပ်စစ်မီး သုံးစွဲမှုဂရုမြဲခြင်း၊ မီးစက်ဆီ

သတင်းဆောင်းပါး – မောင်မောင်စိုး
ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

ပြည်သူတွေက မီးသေး၊ မီးလတ် အဆင့်မှာ ထွက်မပြေးဘဲ၊ ကျိတ်မငြိမ်းဘဲ အရင်းချင်း ပိုင်းဝန်း ငြိမ်းမယ်၊ သက်ဆိုင်ရာ အကြောင်းကြားမယ်ဆိုတဲ့ အသိရှိရင် ပိုကောင်းပါတယ်။

ဦးဇော်ဝင်း (ညွှန်ကြားရေးမှူး)
မီးသတ်ဦးစီးဌာန

ပြည်သူတွေက မီးသတ်တပ်ဖွဲ့ရဲ့ ညွှန်ကြား ရေး၊ အကြံပြုချက်တွေကိုလိုက်နာရင် မီးလောင်မှု သိသိသာသာလျော့ကျနိုင်ပါတယ်။

ဦးအောင်ကျော်မြင့်
ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဦးစီးမှူး

ကုန်၍ ဆိုပြည်သည်ကအစ ဖယောင်းတိုင်မီးသုံးမည်အစား လက်နှိပ်ဓာတ်မီးသုံးစွဲပြီး ဆီဖြည့်လျှင် မီးဘေးအန္တရာယ် ကင်းရှင်းမည်ဆိုသည် အခြေခံဗဟုသုတ ထားရှိခြင်း၊ အိမ်တိုင်း မီးသတ်ဆေးဘူးဆောင်ထားခြင်း၊ မီးလောင်လျှင် လောင်ရာပင် ပိုင်းဝန်းငြိမ်းသတ်လျက် သက်ဆိုင်ရာ မြို့နယ် မီးသတ်နှင့် အရေးပေါ် ၁၉၀ သို့ အမြန်အကြောင်းကြားခြင်း၊ မြန်မြန်အကြောင်းကြားလေ ဆုံးရှုံးမှုနည်းလေ ဆိုသည့် အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်မှုများ ပြုလုပ်နိုင်သည်အမျှ မီးဘေးအန္တရာယ်ကို စုပေါင်းအားဖြင့် အလွယ်တကူ အနိုင်ယူနိုင်ကြမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ **တစ်ယောက်အားဖြင့် မစွမ်းသာ၊ စုပေါင်း ကာကွယ်ပါ** ဟူသောဆောင်ပုဒ်နှင့်အညီ မီးဘေးအန္တရာယ်ကို စုပေါင်းကာကွယ်ခြင်းဖြင့် တည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းသာယာသော နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပိုင်းဝန်း ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

မီးလောင်မှုဖြစ်ပွားစဉ် တွေ့ရှိသည့်လက်ဝတ်ရတနာများ ပိုင်ရှင်ထံ ပြန်လည်အပ်နှံခြင်းအတွက် ဂုဏ်ပြု

ရန်ကုန် ၈ ၃

ကျောက်တံတား-မြို့နယ် ၃၄လမ်း နှင့် အနော်ရထာလမ်း-ထောင်ရှိ တိုက်အမှတ် ၁၆၄၊ ၁၆၆၊ ၁၆၈ ရှိ တိုက်ခန်းများမှ အပေါ်ဆုံးထပ်အခန်းများ ဧပြီ ၉ ရက် ညပိုင်း က မီးလောင်မှုဖြစ်ပွား-ခဲ့စဉ် ဒေါ်ခင်မာဆေ၏ အခန်း-အမှတ် ၁၂ ၌ တွေ့ရှိခဲ့သည် ရွှေငွေရတနာများ ပစ္စည်း စုစုပေါင်း-တန်ဖိုးကျပ် ခြောက်သိန်း-ခန့်ကို ရှိ-သား-စွာပိုင်ရှင်ထံသို့ ပြန်ပေး-အပ်ခဲ့သော ကျောက်တံတား-မြို့နယ်မီးသတ်ဦးစီး-ဌာန ဦးစီး-အရာရှိ ဦး-လှမြင့်နှင့်တပ်ဖွဲ့ဝင်များ၊ ပိုင်းဝန်း-ကူညီခဲ့ကြသော ကျောက်တံတား-နှင့် ပန်းဘဲတန်း-မြို့နယ်အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု-ချီးမြှင့်ပွဲအခမ်း-အနား-ကို ဧ ၁ ရက် နံနက်က ကျောက်တံတား-မြို့နယ်-အေးချမ်း-သာယာရေး-နှင့် ဖွံ့ဖြိုးရေး-ကော်မတီရုံး၌ ကျင်း-ပသည်။

အခမ်း-အနား-သို့ ကျောက်တံတား-မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ ဦးရွှေမောင်း၊ ပန်းဘဲတန်းမြို့နယ် ဧ-ရာမြင့်သာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်စန်း၊ ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းစိုးနှင့် ဂုဏ်ပြုခံတပ်ဖွဲ့ ဝင်များ၊ အလှူရှင် ဒေါ်ခင်မာဆေနှင့် ဖိတ်ကြား-ထား-သူများ တက်ရောက်ကြသည်။

အခမ်း-အနား-တွင် အလှူရှင် ဒေါ်ခင်မာဝေက မီးငြိမ်းသတ်ရာတွင် ဦးစီးဦးဆောင်ပြသည့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မိမိ အခန်း-မှ တွေ့ရှိခဲ့ရသော ရွှေထည်နှင့် ငွေသား-များ-အား မိမိထံ ပြန်လည်ပေး-အပ်သည်အတွက် အထူး-ကျေး-ဇူးတင်ရှိကြောင်း ပြော-ကြား-ပြီး အလှူရှင်က ဂုဏ်ပြုငွေများ ချီးမြှင်း-ပေး-အပ်ကြောင်း သိရသည်။

(ဝဲပုံ) (၁ဖူ)

✻ ကျော်ဖုံးမှ

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံ၊ အလုပ်ရုံများအကြောင်းကို ပဏာမမှုင်းလင်းတင်ပြပြီး သံရည်ကျိုအလုပ်ရုံ၊ အလူမီနီယံဝါယာကြိုးစက်ရုံများအပါအဝင် စက်ရုံ၊ အလုပ်ရုံများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဝန်ထမ်းအင်အား၊ စက်ရုံအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုစွမ်းအား၊ နှစ်အလိုက် တိုးချဲ့ထုတ်လုပ်နိုင်မှု ဆောင်ရွက်ပြီး စီမံကိန်းများ၊ ဆောင်ရွက်ဆဲ စီမံကိန်းများ၊ တည်ဆောက်ဆဲ စက်ရုံများ အခြေအနေတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကိုမှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဓါတ်ကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန ဖွင့်ပွဲအခမ်းအနား၊ ကိုက်ကျင်းပရာ ရှေ့ဦးစွာ မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးခင်မောင်နှင်း မြန်မာ့စက်ရုံနှင့်အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းတို့က ဖဲကြိုးဖြတ်၍ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်ခလုတ်နှိပ်၍ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန၏ ကမ္ဘည်မော်ကွန်းကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနှာအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနသည် အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံသစ်များမှ ထုတ်လုပ်သည် ထုတ်ကုန်သစ်များကို စမ်းသပ်စစ်ဆေးခြင်း နှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်သည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေသုတေသနနှင့် ဖွံ့ဖြိုးရေးဌာန ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်း တို့က ဓါတ်ကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သံရည်ကျိုတိုးချဲ့အလုပ်ရုံ

ဆက်လက်၍ အင်းတကော်စက်မှုနယ်မြေရှိ သံရည်ကျိုတိုးချဲ့အလုပ်ရုံ ဖွင့်ပွဲအခမ်းအနှာကိုကျင်းပရာ ရှေ့ဦးစွာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းတို့က ဖဲကြိုးဖြတ်၍ သံရည်ကျိုတိုးချဲ့အလုပ်ရုံကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်ခလုတ်နှိပ်၍ သံရည်ကျိုတိုးချဲ့အလုပ်ရုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနှာအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် သံရည်ကျိုတိုးချဲ့အလုပ်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်နှင့် ထုတ်လုပ်ထားသောပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

တစ်နှစ် တန် ၂၀၀၀

သံရည်ကျိုတိုးချဲ့အလုပ်ရုံ၏ ထုတ်လုပ်နိုင်မည့် အရေအတွက် စက်စွမ်းအားမှာ တစ်နှစ်လျှင် ရိုးရိုးသံ တန် ၁၅၀၀နှင့် သံမဏိ တန် ၅၀၀ စုစုပေါင်းတန် ၂၀၀၀ ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။ ထို့ပြင် သံမို (Sand Mould) များတွင်သုံးရန် တစ်နာရီလျှင် သဲငါးတန်သန့်စင်နိုင်ကြောင်း သိရှိရသည်။

ဝါယာကြိုးစက်ရုံဖွင့်

ထို့နောက် အင်းတကော်စက်မှုနယ်မြေရှိ အလူမီနီယံဝါယာကြိုးထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနှာကိုကျင်းပရာ ရှေ့ဦးစွာ မြန်မာစက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် Angelique International Limited ၏ General Manager, Mr. Pradeep Arya တို့က ဖဲကြိုးဖြတ်၍ အလူမီနီယံဝါယာကြိုးထုတ်လုပ်ရေးစက်ရုံကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်ခလုတ်နှိပ်၍ အလူမီနီယံဝါယာကြိုးထုတ်လုပ်ရေးစက်ရုံ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနှာအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် အလူမီနီယံဝါယာကြိုး ထုတ်လုပ်မှုစက်ရုံ၌ အလူမီနီယံဝါယာကြိုး ဆိုဒ်အမျိုးမျိုးထုတ်လုပ်နေမှုကိုလည်းကောင်း၊ အလူမီနီယံဝါယာကြိုးများ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အလူမီနီယံဝါယာကြိုးထုတ်လုပ်ရေးစက်ရုံ၏ ထုတ်လုပ်နိုင်မည့် အရေအတွက်(စက်စွမ်းအား)မှာ တစ်နှစ်လျှင်တန် ၁၆၀၀ဖြစ်ပြီး (၆ ဒသမ ၆) KV၊ (၁၁) KV နှင့် (၃၃) KV ဓာတ်အား လိုင်းသုံး အလူမီနီယံဝါယာကြိုးများ၊ (၆၆) KV ၊ (၁၃၂) KV နှင့် (၂၃၀) KV ဓာတ်အားလိုင်းသုံး အလူမီနီယံဝါယာကြိုးများ၊ လျှပ်စစ် Tower တိုင်များကို မိုးကြိုးလွှဲနှင့် ထိန်းချုပ်ခြင်းအတွက် Stay Wire များ ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် ၁၉၇၈ခုနှစ်မှ စတင်၍ ပဲခူးတိုင်းဒေသကြီး အင်းတကော်ကျေးရွာအနှီး ရန်ကုန်မှ ပဲခူးကားလမ်း၏ မြောက်ဘက်တစ်မိုင်အကွာတွင် မြေ ၃၇၅ဧကကို စက်မှုမီမင်္ဂနီးသစ်များ တည်ဆောက်ရန် အင်းတကော်စက်မှုနယ်မြေအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး မော်တော်ယာဉ်၊ ထွန်စက်နှင့် ဓရုစ်စက်များအတွက် ကုန်ပစ္စည်းအမယ်သစ်များ ဖြစ်သည့် သဘီးခွေ (Disc Wheel)၊ ရေတိုင်ကီ(Radiator)၊ အင်ဂျင်များအတွက် သတ္တုဘယ်ယာရင်(Metal Bearing)၊ အင်လက်နှင့် အိတ်ဇောဘား (Inlet & Exhaust Value)၊ မြင်းကောင်ရေ ၁၅ကောင် ဒီဇယ်အင်ဂျင် ထုတ်လုပ်ရေးစက်ရုံ၊ သံရည်ကျိုစက်ရုံ၊ ဘောဘယ်ယာရင်(Ball Bearing) စက်ရုံနှင့် အလူမီနီယံဝါယာကြိုး(ACSR- Aluminium Conductor Steel Reinforced)စက်ရုံများတည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ၂၀၀၄ခုနှစ်တွင် ထပ်မံ၍ လျှပ်စစ်မော်တာစက်ရုံနှင့် မော်တော်ယာဉ်သုံးလျှပ်စစ်ပစ္စည်းစက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်ဆဲဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးမြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ အလူမီနီယံဝါယာကြိုး ထုတ်လုပ်ရေးစက်ရုံ၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်ခလုတ်နှိပ်၍ အလူမီနီယံဝါယာကြိုးများ ထုတ်လုပ်မှုကို စတင်ခဲ့စဉ်။ (သတင်းစဉ်)

ဒို့နိုင်ငံကိုသိပ်ချစ်တယ်

(၁)

အဖိုးတစ်ယောက်၊ မြို့တိုင်းလျှောက်ပြီး
ရွာတိုင်းလျှောက်ပြီး
အိမ်တိုင်းရောက်ပြီး
တစ်ယောက်မကျန်၊ မခြွင်းချန်ဘဲ
မှန်ဘီလူးဓာတ်၊ မျက်လုံးမြတ်ဖြင့်
ကဲ့ဓာတ်ကြည့်ကြည့်သွားပါ၏။

(၂)

လူတကာက
သူလာပြီဆို၊ မြို့ကြီးချည်ခဲ
မငြင်းဆန်
သွေးဟန်သားဟန်
ဖိုးဟန်ဖြစ်နေ၊ သိပ်ရှိသေး။

(၃)

ကြည့်ခဲ့–ကြည့်ပြီး၊ အဖိုးကြီးက
မြင်ပြီးသမှု၊ အစုစုတွက်
သာခု သာခု ခေါ်သွား၏။

(၄)

သူကြည့်တာဟာ
လူတကာ၏၊ ရင်မှာရှိထား
နှလုံးသားတဲ့
ဘာများရှိလို့၊ ကြည့်ပါလိမ့်။

(၅)

"ဒို့နိုင်ငံကို၊ သိပ်ကိုချစ်တယ်"
သိပ်ချစ်တယ်လို့
တကယ်ဖြောင့်တန်း၊ စာတန်းစာသား
နှလုံးများမှာ၊ ထင်ရှားတွေ့တာ
လူတကာမို့
ကြည့်ကာ သာခုခေါ်တာတဲ့။

(၆)

ကျွန်တော့်နှလုံး၊ ကြည့်ပါဦးဟု
ညွှတ်ကုန်းရှိသေး၊ ပြလိုက်လေသော်
"ဟေ့–မင်းနှလုံး၊ ဟိုစာလုံးတွေ
လုံးဝမရှိ"–ဆိုလေ၏။

(၇)

ရှိချင်လို့ပါ၊ အဖိုးရာဟု
ဆိုကာပြစဉ်
မင်းရင်အတွင်း၊ အပင်းသွင်းတာ
ငါဆွဲထုတ်မယ်
ကဲ ကွယ်ဒီမှာ၊ ကြည့်ကွာသူဆို
ရေဒီယိုလေးထွက်လာ၏။

(၈)

ရေဒီယိုလေး၊ ဖယ်ပေးကာမှ
စိတ်ကကြည်သွား၊ အများလိုပင်
စာတန်းထင်၍လာတော့၏။

(၉)

အပင်းအလျှို၊ ရေဒီယိုကို
စိတ်တိုကိုင်ပေါက်၊ ကြမ်းပေါ်ရောက်စဉ်
ရောက်တောင်ညာမီ၊ "ဘီဘီစီ"ဟု
မြည်ကာကြေမွသွား၊ တော့၏။

ဦးဆရာထွန်း

(၂၀၀၅ ခုနှစ် ဧပြီ ၂၅)

တက္ကသိုလ်၊ ကောလိပ်များကို ပြည်နယ်၊ တိုင်း မြို့ကြီးအားလုံးလိုလိုတွင် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်း

၁၉၈၈ခုနှစ်က တက္ကသိုလ်၊ ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၅၃ခုအထိ တိုးတက်ပေါ်ထွန်းလာ

▲ ရှေ့ပုံမှ

ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပေးကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်ကြီးကို နယ်ပယ်ကဏ္ဍစုတွင် နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရအောင်နှင့် ဤသို့ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရာတွင် ဈေးဆိုက်ဆက်က ပိုင်ဆိုင်လာခဲ့သည် အမျိုးသားရေးဝိသေသဂုဏ်ဒြပ်များ၊ နှင့် ပြည်ထောင်စုကြီး၏ အနှစ်သာရတို့ ယိုယွင်းတိမ်ပါးမသွားစေရအောင် ထိန်းသိမ်းဖြင့်တင် နိုင်ငံရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအား ဖြင့် အကောင်အထည်ဖော်ကြီးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့ နိုင်ငံတော်ကြီးကို အမျိုးသားရေးစရိုက်လက္ခဏာ မယွက်မယွင်း စောဘဲ နိုင်ငံတကာနှင့်ရင်ဆိုင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပကတိအခြေအနေများ၊ အတိတ်သမိုင်းကြောင်း အခြေခံများ၊ အနာဂတ်အတွက် အမျိုးသားရေး မျှော်မှန်းချက်များကို အခြေခံပြီး အမျိုးသားစီးပွားရေးစိန်းများ။ ပညာရေး၊ ကျန်းမာရေးစီမံကိန်းများအပါအဝင် နယ်ပယ်ကဏ္ဍစုတွင် နှစ်တို့၊ နှစ်ရှည်စီမံကိန်းများ တိတိကျကျ ခိုင်ခိုင်မာမာချမှတ်ပြီး စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းပင် ဖြစ်ကြောင်း။

ဖော်ထုတ်ဆောင်ရွက်

ဤသို့ ဓနာင်အနှဝကတ် နှစ် ၃၀ခန့်အထိ မျှော်မှန်းရေးဆွဲချမှတ်ထားသည့် စီမံကိန်းများတွင်ပါရှိသော ယေဘုယျ မျှော်မှန်းချက်များ၊ ဝိသေသလုပ်ငန်းစဉ်များသည် မူဝါဒအခြေခံအရ ပြောင်းလဲမှုမရှိနိုင်ဆော်လည်း သိပ္ပံနှင့်နည်းပညာရပ်များ၏ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများအရ အသေးစိတ်အကောင်အထည် ဖော်ရသည့် အနေအထားတွင် အထိရောက်ဆုံး၊ အကျိုးအရှိဆုံးနည်းလမ်းများနှင့် လုပ်ငန်းစဉ်များကို ဆက်ကာလနှင်အညီ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ ပညာရှင်ကြီးများ၊ ပညာရေးကဏ္ဍက တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သော နီးနွေးဖလှယ်ပွဲများကျင်းပပြီး ဆွေးနွေးသုံးသပ်ဆောင်ရွက်နေခြင်းသည် လိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ အကျိုးကျေးဇူးအလွန်မှားများစေမည့် အစီအစဉ်များ ဖြစ်ပါကြောင်း၊ အမှန်တကယ်လည်း လက်တွေ့တွင် အကျိုးဖြစ်ထွန်းစေရအောင် ကြိုးစားဆောင်ရွက်သွားကြပါဟု ပထမဦးစွာပြောကြား လိုက်ကြောင်း။

ယနေ့အချိန်အခါတွင် ပညာရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်အဆင့်ဆင့်တွင် ပစာနအကျဆုံး ပင်မခွမ်းအား ဖြစ်နေသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် လူမှုရေးဦးတည်ချက်(၄)ရပ်တွင် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဆိုသော အမျိုးသားရေးဦးတည်ချက်ကို ထည့်သွင်းချမှတ်ပြီး ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် အမျိုးသားရေး မျှော်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

လမ်းညွှန်မိန့်ကြားခဲ့

၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ပြည်ထောင်စုကြိုဆိုရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် အသင်းနာယကကြီးဖြစ်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန့်ရွှေထဲဝါဒစကား မြွက်ကြား ရာတွင် –

"ဒီမိုကရေစီနိုင်ငံတော်ကို နိုင်နိုင်မြဲမြဲ တည်ထောင်မယ်ဆိုရင် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ရဲ့ စီးပွားရေးတောင့်တင်းရေးနဲ့ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့ဟာ ပစာနကျတဲ့ လိုအပ်ချက်များဖြစ်တယ်။ ဒီမိုကရေစီကျင့်စဉ် ဖွဲ့ဖြိုးရေးနဲ့ နိုင်မြဲရေးကို အလွန်လက်ဆွဲကျတဲ့ လုပ်ငန်းစဉ်တွေနဲ့ တည်ဆောက်ကြရမှာဖြစ်တယ်"

ဟု ထည့်သွင်းလမ်းညွှန်မိန့်ကြား ခဲ့ပါကြောင်း။

ထို့ကြောင့် ပညာရှင်များ၊ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် အမျိုးသားပညာရေးစီမံကိန်းများ ပြည်ပြည်ဝ အောင်မြင်အကောင်အထည်ပေါ်လာရေးသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည် ဒီမိုကရေစီနိုင်ငံတော်ကြီး အဖြစ် တည်ဆောက်မှုဖြစ်စဉ်အဆင့်ဆင့်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ကြောင်း။ ပညာရေးကဏ္ဍအနေဖြင့် ပစာနကျသည့် အခန်းကဏ္ဍက ပါဝင်စွမ်းဆောင်ပေးနေခြင်းဖြစ်သည်ဟုခံယူပြီး အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြား လိုက်ကြောင်း။

ယခုအချိန်အခါသည် အမျိုးသားပညာရည်မြင့်မားရေး အနှစ်၃၀ နှစ်ရှည်စီမံကိန်း၊ ပထမနှစ်တို့ ၎င်းနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့်အတွက် စီမံကိန်းရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းစေရအောင် လက်တွေ့ကျသည့်အပြင် ထိရောက်အကျိုးရှိစေမည့် နည်းလမ်းများသုံးသပ်ဖော်ထုတ်ပြီး အင်တိုက်အားတိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ကြောင်း။



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှ ၂၀၀၅ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲတွင် ဧင်းကျင်းပြသထားသော သုတေသနဆိုင်ရာ စာတမ်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရေလုကျင်ဖျိုးထောင်

အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကာလအတွင်း အဆင့်မြင့်ကဏ္ဍအနေဖြင့် အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာဆိုသည် ရည်မှန်းချက်များနှင့်အညီ လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်နေသကဲ့သို့ တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးရှိရာ နယ်မြေများတွင်လည်း လူမှုဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှု(Community Development)ကို ဖန်တီးပေးနိုင်မည့် ဧလေ့ကျင့်ပို့ထောင်မှု အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

လူမှုမှဲ့အား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် တက္ကသိုလ်၊ ကောလိပ်များကို ပြည်နယ်၊ တိုင်း မြို့ကြီးအား လုံးလိုလိုတွင် တိုးချဲ့ဖွင့်လှစ်ပေးမှုများ၊ အဆင့်တိုးမြှင့်ပေးမှုများ ဆောင်ရွက်နိုင်ခဲ့သဖြင့် ၁၉၈၈ ခုနှစ်က တက္ကသိုလ်၊ ကောလိပ် ၃၂ခုသာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ကောလိပ် ၁၅၆ခုအထိ တိုးတက်ပေါ်ထွန်းလာခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ထို့ပြင် အဆင့်မြင့်ပညာကဏ္ဍတွင် သမာရိုးကျအထူးပြုဘာသာရပ်များအပြင် cross-disciplinary and interdisciplinary ချဉ်းကပ်နည်းများဖြင့် ပေါင်းစပ်ဘာသာရပ်များ၊ ပညာရပ်ဌာနကွဲများတို့ ချဲ့ပြီး ပို့ချပေးနေသည်ကို တွေ့ရပါကြောင်း။

တိုးချဲ့ဖွင့်လှစ်သင်ကြား

ထို့ကြောင့် ၁၉၈၈ ခုနှစ်က ဘွဲ့ကြိုသင်ကြားရေးအစီအစဉ် ၄၅ခု၊ ဘွဲ့လွန်သင်ကြားရေး အစီအစဉ် ၃၄ခု၊ စုစုပေါင်း ၇၉ခုသာရှိခဲ့ရာမှ ယနေ့ ဘွဲ့ကြိုသင်ကြားရေးအစီအစဉ် ၈၄ခု၊ ဘွဲ့လွန်သင်ကြားရေးအစီအစဉ် ၁၀၈ခု၊ စုစုပေါင်း ၁၉၂ခုရှိလာသဖြင့် သင်ကြားရေး အစီအစဉ်ပေါင်း ၁၃၂ခု တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

တက္ကသိုလ်၊ ဒီဂရီကောလိပ်တည်ရှိရာ နယ်မြေအသီးသီးတွင် လူမှုမှဲ့အား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူအဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်စေရေး တိုအတွက် လူမှုမှဲ့အား အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများကို ၁၉၈၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါတွင် မဟာဘွဲ့၊ ဘွဲ့၊ ဒီပလိုမာ သင်ကြားရေး အစီအစဉ်ပေါင်း ၁၇၃ခု သင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် ၁၉၈၈ ခုနှစ်က သင်ကြားရေးအစီအစဉ်ပေါင်း ၇၉ခုသာရှိခဲ့ရာမှ ယခုအခါ လူမှုမှဲ့အား အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သည် သင်ကြားရေးအစီအစဉ် ၁၇၃ခုအပါအဝင် သင်ကြားရေးအစီအစဉ်ပေါင်း ၃၆၅ခုအထိ တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပါရဂူဘွဲ့သင်တန်း

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂန်ပါရဂူဘွဲ့သင်တန်းအပြင် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် အသက်(၄၅)နှစ်အထက် ကျောင်းလွန်သည့် ရင်ကျက်ပညာရှင်များအတွက် ဖွင့်လှစ်သည် ပါရဂူဘွဲ့သင်တန်းကိုပါ ဖွင့်လှစ်

ယနေ့ပညာရေးကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများ

ယနေ့ပညာရေးကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်မည်ဆိုလျှင် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် အမျိုးသားပညာရည်အဆင့်အတန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်မြင့်မားရေး၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်မွေးထုတ်နိုင်ရေး၊ အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းရေးလုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်နေပြီဟု ဆိုရမည်ဖြစ်။

ထား၍သည်အတွက် ယခုအခါတွင် ပုံမှန်ပါရရှိသွဲ့ သင်တန်း တက်ရောက်နေသူ ၂၇၂ စည်း၊ ပါရရှိသွဲ့ရပြီးသူ ၂၈စည်း၊ ရင်ကျက်ပါရရှိသွဲ့ တက်ရောက်နေသူ ၄၂၃ဦး၊ ပါရရှိသွဲ့ရပြီးသည် ပညာရှင် ၁၃ဦး ရှိနေပြီဟု သိရပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အီလက်ထရောနစ်ပညာရေးကို ၂၀၀၁ ခုနှစ်ကစ၍ အကောင်အထည်ဖော်ခဲ့ရာတွင် ယခုအခါ နိုင်ငံတစ်ဝန်းလုံး၌ အီလက်ထရောနစ် သင်ယူမှုဌာနပေါင်း ၆၂၅ ဖွင့်လှစ်ထား၍ပြီးဖြစ်သည်ကို တွေ့ရပါကြောင်း။

ယနေ့ ပညာရေးကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများကို ကြည်ညိုဆိုလျှင် နိုင်ငံတော်က အလေးထား ဆောင်ရွက်နေသည် အမျိုးသား ပညာရည် အဆင့်အတန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်ခြင်းများရေး၊ အရည်အသွေးမြင့်မား သည် လူ့စွမ်းအား အရင်းအမြစ်များ တိုးမြင့်မွေးထုတ်နိုင်ရေး၊ အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းရေးလုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်နေပြီဟု ဆိုရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော်ကြီး၏အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရအောင် တစ်မျိုးသား၊ လုံးက ပိုင်းခန်းပြီး ကြိုးပမ်းဆောင်ရွက်နေကြသည့် နိုင်ငံတော်တည်ဆောက်ရေးကာလဖြစ်သည့်အတွက် တစ်မျိုးသား၊ လုံး ပညာရည်မြင့်မား ရေးနှင့်တကွ သိပ္ပံနှင့်နည်းပညာရပ်များနှင့် ပညာရှင်များ၏ အရေးပါမှု၊ ပစ္စာဂကျမ္ဘတို့ကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုအား ပေးပြီး ပညာရေးကဏ္ဍ မြင့်တင်ရေးကို အမျိုးသား ရေးသွန်ဒွာန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေဆဲနိုး ဖြစ်ပါကြောင်း။

ယနေ့မှစတင်ပြီး နောင်အနာဂတ်ကာလတွင် မိမိမိုရင်းသူ၊ နိုင်ငသား များကို ဇော်မီသိပ္ပံနှင့်နည်း ပညာရပ်များ ပိုင်နိုင်ကျွမ်းကျင်စေရအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ပါမှ နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်ကာကွယ်ဆောင်ရွောက်ရေးတာဝန်များကို ထိရောက်ကျေပွန်စွာ ထမ်းဆောင်နိုင်မည့် အခြေအနေဖြစ်ပေါ်ပြီး ပညာရေးကဏ္ဍ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစွန့်ရှုတ်တည်တံ့ခိုင်မြဲစေရေးတို့အတွက် အထောက်အကူပြုသော အစေခံ ဝန်ထမ်းများ ဖြစ်စေမည်လည်း ဖြစ်ကြောင်း။

ဥမင်္ဂသိုက်မမျက်

ထို့အပြင် ယခုအချိန်အခါတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ဓေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ဥမင်္ဂကွဲသိုက်မျက် ညင်သာသိမ်မွေ့စွာ ကူးပြောင်းဖြစ်ထွန်းလာစေရအောင်နှင့် စည်းလုံးညီညွတ်နိုင်မာသည် ပြည်ထောင်စုကြီး အဖြစ် အစဉ်ထာဝရ အခွန့်ရှုတ်တည်တံ့နိုင်မြဲစေရအောင် နိုင်ငံတော်အစိုးရက ဓရာမူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေဆဲနိုင်လည်း ဖြစ်ပါကြောင်း။

ချမှတ်အကောင်အထည်ဖော်နေသည့် နိုင်ငံတော်ရှေ့ဆက်သွား မည့် မူဝါဒလမ်းစဉ် (၇)ရပ်အရ အမျိုးသား ညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးနှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူခဲ့ဖြင့် ပြည်သူများ၏ အတည်ပြုချက်ရယူရေး၊ ပေါ်ထွန်းလာသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ၊ ကျင်းပရေး လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်သွား၊ရန် ရှိနေပါကြောင်း။

လက်တွေ့ပါဝင်

ဤလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပြည်သူများအနေဖြင့် လက်တွေ့ပါဝင် ရွေးချယ်ဆောင်ရွက်ရမည်ဖြစ်သည်အတွက် ပြည်သူများ၊ ပညာရည်မြင့်မား ရေး၊ အသိအမြင် ဗဟုသုတကြွယ်ဝပြည်စုံရေး၊ ပြည်ဆောင်စုစိတ်ဓာတ် ပြည်ဝဖိုင်မာ ရေးတို့သည် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်း အစဉ်အလာများ၊ နှင့် ဆီလျော်ထိုက်တန်သည် နိုင်ငံတော်ကြီး ဃ၊ါထွန်း လာစေရေး အတွက် အလွန်ပဲ့အရေးပါလှသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ထိုကြောင့် နိုင်ငံတော်ကချမှတ်ထား သည် အမျိုးသား ရေးဦးတည်ချက် တစ်ရပ်ဖြစ်သည့် အမျိုးသား ပညာရည်မြင့်မား ရေး ဆိုသည့် မျှော်မှန်းချက် အောင်မြင်ပြည့်မြောက်မှသာလျှင် နိုင်ငံတော်ကြီး၏ အနာဂတ် ပြည့်စုံတင်တယ် ရေးနှင့် အခွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အာမခံပေးနိုင်မည်ဆိုသည်ကို ပညာရှင်ကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများအား လုံးက အလေးအနက်ခံယူပြီး အမျိုးသား ပညာရည်မြင့်မား ရေး စီမံကိန်းအဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသား ရေးအသိ၊ အမျိုးသာ ရေးအဖြင့်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြား လိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြား လိုသည်မှာ–

- **အမျိုးသား ပညာရည်မြင့်မား ရေး အနှစ် ၃၀ ခန့်ရှည်မီမက်နိုင်လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပညာရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီး အနေနှင့် ကျရောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပေးကြပါ၊**
- **အမျိုးသား ပညာရည်အဆင့်အတန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်း တိုးတက်မြင့်မား ရေး၊ အရည်အသွေးမြင့်မား သော လူ့စွမ်းအား အရင်းအမြစ်များ တိုးမြင့်မွေးထုတ်နိုင်ရေးတို့အတွက် ပညာရှင်များက တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးကြပါ၊**
- **နိုင်ငံတော်ကချမှတ်ထား တဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အတွက် ယနေ့နှစ်နှောဖလှယ်ယှဉ်ပွဲသို့ တက်ရောက်လာကြတဲ့ ပညာရေး ကဏ္ဍာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ပညာရှင်များအနေဖြင့် အစွမ်းကုန်ပိုင်းဝန်းကြိုးမဲ့ ဆောင်ရွက်ပေးကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ခွန်းနှောဖလှယ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နှီးနှောဖလှယ်ပွဲအခမ်းအနား၁ တွင် ခင်းကျင်းပြသထားသော မော်လမြိုင် တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ "ဂက်စဲကမ်းခြေ ဒေသဆိုင်ရာ မဟာသိပ္ပံကျမ်းနှင့် သုတေသနဆိုင်ရာစာတမ်းများ"ကို လည်းကောင်း၊ ဖြစ်ကြောင်း၁ တွင်လည်းကောင်း၊ တောင်ကြီး တက္ကသိုလ်၏ "အင်းလေးဒေသ ဘက်စုံဖွံ့ဖြိုးရေးသုတေသနစာတမ်းများ"ကို လည်းကောင်း လှည့်လည်ကြည့်ရှုအား မေးသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း အစည်းအဝေးတက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၃

ဂျပန်နိုင်ငံ တိုကျိုမြို့၌ မေ ၅ရက်မှ ၇ရက်အထိကျင်းပမည့် အာရှ-ဥရောပ အစည်းအဝေး(အေအစ်)၏ (၇)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ပိုင်းတွင် လေကြောင်းဆရပ်ဖြင့် ရန်ကုန်မှ ဖြန့်မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သဘာပတိကြီး H.E Mr. Nobutake Odano နှင့် သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနမှူးဆိုင်ရာအကြီးအကဲများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်ပြို့နှင့် အမီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

ဗိလင်ပိုင်နိုင်ငံ ပတ်ဝန်းကျင်ဝန်ကြီးရောက်ရှိ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ကြိုဆိုနွှဲတ်ဆက်

ရန်ကုန် မေ ၃

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး၏ ဖိတ်ကြားချက်အရ ဗိလင်ပိုင် သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင်သဘာဝသယံဇာတရေးရာ ဝန်ကြီး Hon. Michael T. Defensor ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းဖြင့် ရန်ကုန်ပြို့သို့ ရောက်ရှိလာရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနွှတ်ဆက်သည်။

ဆွေးနွေးကြမည်

ည့်သည်တော်ဝန်ကြီးနှင့်အတူ ဒီးပွာရေးလုပ်ငန်းရှင်များ ပါဝင်သော အဖွဲ့ဝင် ၁၉ဦးတို့ လိုက်ပါလာပြီး ဗိလင်ပိုင်–မြန်မာ နှစ်နိုင်ငံ စီးပွားရေး မူဝေါင်းဆောင်ရွက်ရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအမျိုးသားကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာဓိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် ဆွေးနွေးကြမည်ဖြစ်သည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ ဖိတ်ကြားချက်အရ ဗိလင်ပိုင်သမ္မတနိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတရေးရာ ဝန်ကြီး Hon. Michael T. Defensor ခေါင်းဆောင် သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိရာ ကြိုဆိုသူများနှင့် အတူတွေ့ရစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့် တိုင်း အသီးသီးမှ လူငယ်လေ့လာရေးအဖွဲ့ ကန်တော်ကြီးဥယျာဉ်နှင့် တိုင်းရင်းသားကျေးရွာ လေ့လာ

ရန်ကုန် မေ ၃

ပြည်ထောင်စုကြိန်ခိုရေးနှင့် ဖွံ့ဖြိုးရေးအသင်းလူငယ်များ လေ့လာရေးနှင့် အထွေ့အကြုံဖလှယ်ရေးအစီအစဉ် အရ ရန်ကုန်ပြို့၌ လေ့လာရေးခရီးရောက်ရှိနေသော ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုကြိန်ခိုရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်လေ့လာရေးအဖွဲ့သည် ရန်ကုန်တိုင်း ပြည်ထောင်စုကြိန်ခိုရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှထွန်းဦး ဦးဆောင်လျက် တာဝန်ရှိသူများလိုက်ပါပြီး၊ ယနေ့နံနက် ၈နာရီဝွင် ရန်ကုန်ပြို့ ကန်တော်ကြီး သဘာဝဥယျာဉ် Recreation Zone သို့ ရောက်ရှိကြရာ မင်္ဂလာတောင်ညွန့်ပြို့နယ် ပြည်ထောင်စုကြိန်ခိုရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဓော်ခြင့်နှင့် အသင်းဝင်လူငယ်ဓောင်ဓယ်များက ကြိုဆိုကြသည်။

ထိုနောက် လေ့လာရေးအဖွဲ့ဝင်များသည် ကန်တော်ကြီး ကရင်ဝိက်နန်းတော်ဟိုတယ်နှင့် Recreation Zone အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ဆက်လက်၍ ကန်တော်ကြီး သဘာဝဥယျာဉ်ရှိ Relaxation Zone သို့ ရောက်ရှိကြရာ ရန်ကုန်ပြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အား၊ကစား၊ကွင်း များ၊ ဌာန ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်ပြု ဒေါ်စုစုလိွင်းကကြွေးမိုးဖြို ကန်တော်ကြီး သဘာဝဥယျာဉ်ကို ဇုန်အလိုက်ဖွဲ့စည်း တည်ထောင်ထား၍ ပွန့်ဖွင့် လှပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြား သည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် သာကေတကျွန်းယိုရုံ ပြည်ထောင်စုကြိန်ခိုရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များ လေ့လာရေးခရီးရောက်ရှိရာ သာကေတကြွေနယ် ပြည်ထောင်စုကြိန်ခိုရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးနိုင်အောင်၊ ဦးကျော်စွာဝင်းနှင့် အသင်းဝင် လူငယ်ဓောင်ဓယ်များက ကြိုဆိုကြသည်။

ထိုနောက် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာနှင့်စပ်လျဉ်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွဲ့ဖြိုး တိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြား ရေးမှူး ဦးအောင်မင်းသိန်းက ရှင်းလင်းပြောကြား သည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ပြည်ထောင်စုစုတိုင်းရင်းသား ကျေးရွာရှိ ရခိုင်၊ ဗမာ၊ ကရင်၊ မွန်၊ ချင်း၊ ကချင်၊ ရှမ်းနှင့် ကယား တိုင်းရင်းသား ရွာများကို လှည့်လည် လေ့လာကြည့်ရှုကြသည်။ ဆက်လက်၍ ရန်ကုန်–သန်လျင် တံတားကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှု လေ့လာကြသည်။

မွန်းလွဲ ၁နာရီတွင် လေ့လာရေးအဖွဲ့ဝင်များသည် ဗိလင်တဆောင် ပြို့နယ် သန်လျက်ရွာနှင့်ရှိ ရန်ကုန်ပြို့ ဆော်စည်ပင်သာယာရေး ကော်မတီ၏ ရေဆိုးသန့်စင်စက်ရုံသို့ ရောက်ရှိကြရာ ဗိုလ်တဆောင်ပြို့နယ် ပြည်ထောင်စု ကြိန်ခိုရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအေးလွင်နှင့် အသင်းဝင်များ၊ ရန်ကုန်ပြို့ ကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသိန်း၊ စီမံကိန်းမန်နေဂျာ ဦးမြင့်သိန်း၊ စီမံကိန်းမန်နေဂျာ ဦးတင်မွန့်တို့တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်ဦး ဒုတိယဌာနမှူး ဦးမြင့်သိန်း၊ စီမံကိန်းမန်နေဂျာ ဦးတင်ဆွေတို့က ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ စက်ရုံတည်ဆောက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားကြပြီး လုပ်ငန်းခွင် အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် သာကေတ ရွှေခင်းသာအပန်းဖြေဥယျာဉ်သို့ သွား၊ရောက်၍ လှည့်လည်ကြည့်ရှု လေ့လာအပန်းဖြေကြပြီး ညနေပိုင်းတွင် ရွှေခင်းသာအပန်းဖြေဥယျာဉ်မှ ပြန်လည်ထွက်ခွာသွား ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြိန်ခိုရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်များ လေ့လာရေးနှင့် အထွေ့အကြုံ ဖလှယ်ရေးအစီအစဉ်အရ ရန်ကုန်ပြို့၌ လေ့လာရေးခရီးရောက်ရှိ နေသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုကြိန်ခိုရေးနှင့် ဖွံ့ဖြိုးရေး အသင်း လူငယ်လေ့လာရေးအဖွဲ့ဝင်များ ရန်ကုန်ပြို့ ကန်တော်ဥယျာဉ်ရှိ Relaxation Zone သို့ ရောက်ရှိကြရာ မင်္ဂလာတောင်ညွန့်ပြို့နယ် ပြည်ထောင်စုကြိန်ခိုရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဓော်ခြင့်နှင့် အသင်းဝင်လူငယ်ဓောင်ဓယ်များက ကြိုဆိုကြသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၅-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် ဓင်းကွန်းဆရာတော်ကြီး နိုင်ငံဆော်သံ၀ဓမဟာ နာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓမ္မဟာရဋ္ဌဂုရု အဘိဓမ္မ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရစူဠာဓမ္မာဘိဝံသ၊ ဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ဝရိယိတဓရာဇော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နန်းတံခါးသတင်း

၇:၄၀ ၄။ သံသာရမြေအေးမင်္ဂလာတေး

၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၈:၁၀ ၆။ အရေးပြိုင်ပွဲ

၈:၂၀ ၇။ ရုပ်ပြည်နယ်အရေပြိုင်၊ နမ့်မွေ့တတ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Let's Go.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညနေပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရင်သန့် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ **Demonstration Exercises For Correct Pronunciation.**

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ် ပညာရေးရပ်မြေဝင်းကြားသင်ခန်းစာ ပထမနှစ် (သမ္မတဒေါ်ဇော်ဌေး အထူးပြု) (ရုပ်မှတဒေး)**

၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ

၅:၃၀ ၇။ သီချင်းကြီးဝေသာ

၅:၄၅ ၈။ မြန်မာစာ၊ မြန်မာစကား

၆:၀၀ ၉။ ရွှေယုံရုပ်လင်းအာဆီယံအစီအစဉ်

၆:၁၀ ၁၀။ Discovery.

၆:၁၅ ၁၁။ မှတ်သွယ်သွယ်ဆိုကြမယ်

၆:၃၀ ၁၂။ ညနေခင်းသတင်း

၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၄။ ကြိုးစိုးကျန်းမာပြည်မြန်မာ

၇:၂၀ ၁၅။ တေးဂီတအမီအဆဉ်

၇:၃၅ ၁၆။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေး ဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပုံစံတာ၊ ကာတွန်း၊ ဓာတ်ပုံပြိုင်ပွဲ အကြောင်းသိကောင်းစရာ

၇:၄၅ ၁၇။ စိမ်အုပ်ရုပ်မှဒ်ဝလိုမာသင်တန်း နှစ်(၅၀)ပြည့်ရွှေထုတ် အထိမ်းအမှတ်

၈:၀၀ ၁၈။ ပြည်ထောင်စုသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **"ဘာပဲဖြစ်ဖြစ် သတိရပါ" (ဒေါ်သဉ်းဖြိတ်ကသိဆော်၊ အိမ်ဖြေကျော်စံ) [ဒါရိုက်တာ–ကိုမော်] (အရုဏ်ဦး)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

✧ နိဒါန်း

မျိုးကောင်းမျိုးသန့် စနစ်တကျ မွေးမြူခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ရေချို ငါးမွေးမြူရေးလုပ်ငန်း တိုးတက်ဖြစ်ထွန်းလာစေရန်၊ နိုင်ငံတကာရေးကွက်သို့ ထိုးဖောက်ဝင်ရောက်နေသော တိလာပီးယားငါး မျိုးကောင်းမျိုးသန့် အများအပြားမွေးမြူကာ နိုင်ငံတကာသို့တင်ပို့ရောင်းချ၍ နိုင်ငံခြားငွေရရှိရန် စသော ရည်ရွယ်ချက်များဖြင့် ဧပြီ ၃၀ ရက် ညနေက အင်းစိန်မြို့နယ် အနောက်ဘက်ရှိ ကုန်းဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းဆုံးဝေးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ ရုံးတွင် တိလာပီးယားငါးမွေးမြူစောင့် ၂၀၀၅ ကို ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲမစမီကပင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံရှေ့တွင် တိလာပီးယားငါးပွဲ စိတ်ဝင်စားကြသော ပရိသတ်ကြီးသည် တိုးမဝေါက် အောင်ပင်ဖြစ်နေပြီး ဖွင့်လှစ်ပြီး ညနေပိုင်းတွင် တိလာပီးယားငါး ဝယ်သူများ၊ ငါးကင်ဝယ်သူများ၊ တိလာပီးယားဖြင့် ပြုလုပ်ထားသော စားသောက်ဖွယ်ရာဝယ်ယူစားသောက်သူများဖြင့် အထူးစည်ကားလှသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသော၊ ပြသသော တိလာပီးယားသည် ငါးမွေးမြူရေးပွဲတော်သည် သတင်းမီဒီယာများက ကြိုတင်လှုံ့ဆော် ဖော်ပြထား၍ပင် သင်္ကြန်ပြဖွဲ့ဝတင်ကျင်းပသည်နေ့တွင်ပင် လာရောက်ကြည်ရှုလေ့လာသူ ဝယ်သူ၊ စားသုံးသူ များပြားစည်ကားသည်နှင့်အမျှ တိလာပီးယားငါးများ၊ ငါးအကင်များ၊ တိလာပီးယားငါးဖြင့် ပြုလုပ်ထားသော အစားအသောက်များ ရောင်းမထေက်ဖြစ်သွားပြီး အရှိန်ပိုင်းအတွင်း ကုန်သွားခဲ့သည်။ လာရောက်သူ အတော်များများ

ဦးဟန်ထွန်း [ငါးမွေးပွဲတော် ဖြစ်စေခြင်းတရားခံကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၄)] က ရှင်းပြစဉ်း

(ဓာတ်ပုံ-ရွှေထူး၊ သတင်းစဉ်)

ဦးခင်ကိုလေး (ညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)က ဤသို့ရှင်းပြသည်။

(ဓာတ်ပုံ-ရွှေထူး၊ သတင်းစဉ်)

တိလာပီးယားငါး ဝယ်မရ၊ တိလာပီးယားငါးကင်မစာရဘဲ အိမ်ပြန်သွားခဲ့ကြရသည်။

တိလာပီးယားငါးမွေးပွဲတော် ၂၀၀၅ သည် စားသုံးသူအတော်များများ စိတ်ဝင်စားပြီး အထူးစည်ကားလျက်ရှိသဖြင့် တိလာပီးယား ငါးမွေးပွဲတော်ကျင်းပရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ သွားရောက်၍ မေ ၁ ရက် ညနေပိုင်းက တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေဦးစွာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆွေထွေအတွင်းရေးမှူး တိလာပီးယား ငါးမွေးပွဲတော်ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ဦးကြီးထွေအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ငါးမွေးပွဲတော် ဗဟိုကော်မတီ အတွင်းရေးမှူး ဦးကြီးထွေက မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသည် ငါးမွေးပွဲတော်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ဖီလစ်ပိုင်နိုင်ငံသို့ မြန်မာနိုင်ငံ ငါးလုပ်ငန်းကိုယ်စားလှယ်အဖွဲ့ တိလာပီးယားငါးပြပွဲကို သွားရောက်လေ့လာခဲ့ရာမှ စိတ်ကူးရရှိကာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ တိလာပီးယားငါး စားသုံးခြင်းအားဖြင့် အကျိုးသက်ရောက်မှုနှင့် တိလာပီးယားငါး မွေးမြူခြင်းအားဖြင့် ရရှိနိုင်သည့် အကျိုးရလဒ်ကို အများပြည်သူများ သိစေလိုသောဆောနာဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

ငါးမွေးပွဲတော်တွင် ပြန်ကြားရေးဌာနက တိလာပီးယားမွေးမြူရေးစာအုပ်များ ရောင်းချပေးကြောင်း၊ သက်သာသောဈေးဖြင့် တိလာပီးယားငါးများ ရောင်းချပေးကြောင်း၊ ပထမနေ့က ငါးပိသာသုံးသောင်းလောက် ရောင်းချပေးကြောင်း၊ မစားရဘဲ မဝယ်ရဘဲ အိမ်ပြန်သွားသူအများအပြား ရှိကြောင်း။

ငါးမွေးပွဲတော်ဖွင့်ရေး၊ ဈေးဖြေရေး၊ ဧည့်ခံရေး၊ လုံခြုံရေး၊ လျှပ်စစ်မီး အဆင်ပြေစေရေး၊ မွေးပွဲတော်လာပြည်သူများ ဈေးရှင်ချမ်းမြေ့ရေး စသည်တို့ကို အာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ငါးမွေးပွဲတော်လာသူများ ကြည်နူးချမ်းမြေ့ပျော်ရွှင်စေရေး ဂီတအစည်းအရုံးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် ငါးမွေးပွဲတော်သည် မွှော်မှန်းသည်ထက် ပို၍အောင်မြင်ကြောင်း၊ မထင်မှတ်လောက်အောင် အားပေးကြောင်း၊ ပရိသတ်များပြားလှသောကြောင့် မေ ၂ ရက်ကိုပင် တစ်ရက်တိုးဖွင့်လှစ်ခဲ့ရကြောင်း သတင်းအဖွဲ့အား ပြောကြားသည်။

ဆက်လက်၍ တိလာပီးယားမွေးပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၄) ဦးဟန်ထွန်းအား ဆက်လက်မေးမြန်းရာ ဦးဟန်ထွန်းက တိလာပီးယားမွေးပွဲတော် ကျင်းပခြင်းကြောင့် တိလာပီးယားငါးအကြောင်းကို လူများပိုသိစေကြောင်း၊ တိလာပီးယားငါးမွေးသည် ကျပ်တစ်ဆောင်းအောက်သာရှိ၍ အများဝယ်ယူစားသုံးနိုင်သော ဈေးဖြစ်ကြောင်း။

တိလာပီးယားငါးသည် အဆီပါဝင်မှုနည်းပါး၍ ကျန်းမာရေးနှင့် ကိုက်ညီ၊ အာဟာရလည်းပြည့်ဝ၊ အရသာလည်းရှိသဖြင့် လူကြိုက်များကြောင်း၊ ပြည်တွင်း ဈေးကွက်သာမက နိုင်ငံတကာငါးမွေးကွက်ဝင်ကာ လူကြိုက်များလာကြောင်း၊ ထို့ကြောင့် နိုင်ငံတကာဈေးကွက်တွင် တိလာပီးယားသည် အလားအလာအကောင်းဆုံးဖြစ်နေကြောင်း၊ ဧရေတိမ်နိုင်ငံများအတွက် စားသုံးရန် သာငါးရိက္ခာ တိလာပီးယားပင်ဖြစ်ကြောင်း။

၁၉၅၃ခုနှစ်က စတင်မွေးမြူခဲ့သော တိလာပီးယားသည် အရှေ့ဧရိမည်း သဖြင့် လူကြိုက်နည်းခဲ့ရာ ၁၉၈၀ပြည်နှစ်ရောက်ပိုလာသော နိုင်တိလာပီးယား မျိုးကောင်းမျိုးသန့်သည် အရောင်လှ၊ အသာ-ဖြူ၊ အရသာထူးကဲ၊ သာဝေါက်သားတိုးကောင်း၍ လူကြိုက်များကာ မွေးသူများ၊ နှစ်ရှိုက်ကြကြောင်း၊ ယခုကဲ့သို့ တိလာပီးယား ငါးမွေးပွဲတော်ကြီး ကျင်းပပေးနိုင်၍ ဝယ်ယူစားသုံးသူများ၊ ပိုမိုသိရှိလာပြီး မွေးမြူရေးများအတွက်လည်း ဈေးကွက်ရကာ အကျိုးရှိလာကြောင်း ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး(သုတေသနနှင့် ဖွဲ့ဖြိုးရေး) ဦးခင်ကိုလေးအား တွေ့ဆုံမေးမြန်းခဲ့ရာ ဦးခင်ကိုလေးက တိလာပီးယားငါးမွေးပွဲတော်(၂၀၀၅)သည် အထူးအောင်မြင်ကြောင်း၊ သတင်းပြန်ကြား ရေးပိုင်းကပါဝင်ကူညီလှုံ့ဆော်ပေးသဖြင့် အလွန်စုံလင် ပြီးပြည့်စုံကာ တိလာပီးယားဟုပင် ဆိုရမလောက်ပင်ဖြစ်ကြောင်း၊ ယခင်က မြန်မာနိုင်ငံတွင် ငါးမြစ်ချင်းသာ အဓိကမွေးမြူခဲ့ရာ ကမ္ဘာတွင် ငါးမြစ်ခြင်း၏ ၁၀ ရာခိုင်နှုန်းသာ တင်ပို့မှုရှိကာ ကျွက် ကျဉ်းမြောင်းလာကြောင်း၊ ငါးမြစ်ချင်းသည် အစာလိုအပ်ချက်ကြီးမားပြီး ကာလကြာရှည်လာ၍ နှံမြှုပ်နှံရမှုများကြောင့် သားဖောက်ချိန် တစ်နှစ်လေ့လာရှိရာ စီးပွားရေးတွက်ခြေကိုက်မှုနည်းပါးကြောင်း၊ အရှိများခြင်း စသော အားနည်းချက်များရှိကြောင်း။

မျိုးကောင်းမျိုးသန့် တိလာပီးယားသည် အရှိုးနည်း၊ အရောင်လှ၊ မွေးမြူချိန်တိုတောင်းကြောင်း၊ သုံးလေးလလောက်နှင့် သုံးဆယ်သားငါးများ ရကြောင်း၊ တစ်နှစ်ဗဟိုလုံး သား-ပေါက်နိုင်၍ စီးပွား-ရေးအရ တွက်ခြေကိုက်ကြောင်း၊ အဆီဓာတ်ပါဝင်မှုနည်း၍ ကျန်းမာရေးနှင့် ကိုက်ညီအာဟာရပြည့်ဝကြောင်း၊ ငါးရံ ငါးပြေမထက် အရသာထူးကဲကြောင်း၊ လူမျိုးစု၊ နိုင်ငံစုံ တိလာပီးယား-ကို ကြိုက်နှစ်သက်လက်ခံလာကြ၍ နိုင်ငံတကာဈေးကွက် ဝင်ဆုံလာကြောင်း၊ တိလာပီးယားငါးမွေးကွက် ကျယ်ပြန့်လာကြောင်း၊ ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချ၍ နိုင်ငံခြားငွေများ ပိုမိုရရှိလာစေကြောင်း ပြောကြားသည်။

တိလာပီးယားငါးမွေးပွဲတော် မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများ၊ ငါးစားပြခန်း ပို့ကုန်လုပ်ငန်းရှင်များပြခန်းတွင် Golden Myanmar အဆင့်မြင့် ဖော်စပ်ငါးစာတောင်လုပ်ငန်းမှ တာဝန်ရှိသူ ဒေါ်ရီရီမြင့်အား ဆက်လက်မေးမြန်းသည်။ ဒေါ်ရီရီမြင့် (GMA)က တိလာပီးယားငါးမွေးပွဲတော် ကျင်းပပေးခြင်းဖြင့် စားသုံးသူ၊ မွေးမြူသူ၊ အစာထုတ်လုပ်သူအား လုံးပင် အကျိုးရှိစေကြောင်း၊ ငါးမွေးပွဲတော်များကျင်းပနိုင်လေ များများအကျိုးရှိလေဖြစ်ကြောင်း။

Golden Myanmar Aqua Feeds အနေဖြင့် ငါးသားဖောက်စနစ်ကို ညောင်တုန်းမြို့နယ် ပန်းလိုင်တွင်ပြုလုပ်ထားပြီး ငါးအစာစက်ရုက်ို လိုင်းသာယာစက်မှုဇုန်တွင် တည်ဆောက်ထား-ကြောင်း၊ ငါးအစာများကို ငါးများ၏လိုအပ်ချက်နှင့်အညီ အာဟာရပြည့်ဝမှု၊ အစာကြေချက်ကောင်းမွန်မှု ငါးများ နှစ်သက်မြတ်နိုးမှုတို့ဖြင့် သိပ္ပံနည်းစနစ်ကျကျပြုလုပ်ထား-ကြောင်း၊ သန့်ရှင်းလတ်ဆတ်သော ကုန်ကြမ်းများသုံး၍ ဓာတ်မစီမံကာကြီးများဖြင့် ထုတ်လုပ်ရောင်းချဖြန့်ဖြူးလေ့သဖြင့် ငါးမွေးမြူရေးတွင် စီးပွား-ဖြစ်ထွက်ခြေကိုက် အောင်မြင်မှုများ ရရှိကြောင်း။

စက်ရုံကထုတ် တိလာပီးယားငါးစာမှန့်(အထီးပြောင်းအစာ)ကို စစခ်ကျ စမ်းသပ်ဖော်စပ်ထုတ်လုပ်ထား-ကြောင်း၊ အသား-တိုးအထီး တိလာပီးယားမွေးမြူရေးတွင် များစွာအကျိုးဖြစ်ထွန်း-စေကြောင်း၊ T-001(Sex-Reversal Monosex Hormone) အထီးပြောင်း အစာမှန့်ဖြစ်ကြောင်း၊ T-002 တိလာပီးယား ငါးသန်ပြုအစာ၊ T-003 တိလာပီးယားအသက်ငယ်စာခဲများ၊ T-004 တိလာပီးယားသက်ကြီးငါးစာတောင်များ ထုတ်လုပ်၍ မွေးမြူသူများ အကျိုးရှိအောင် ဖြန့်ဖြူရောင်းချပေး-ကြောင်း။



ဦးကြီးထွေ (ငါးမွေးပွဲတော် ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်)

(ဓာတ်ပုံ-ရွှေထူး၊ သတင်းစဉ်)

ဒေါ်ရီရီမြင့် (Golden Myanmar Aqua Feeds)

(ဓာတ်ပုံ-ရွှေထူး၊ သတင်းစဉ်)

ငါးစာများထုတ်လုပ်ရာတွင် မွေးမြူရေး-ငါးများအတွက် လိုအပ်သော အာဟာရဓာတ်များ ပြည့်ဝစွာဖြင့် အရည်အသွေး-ကောင်းသော ငါးစာများ ထုတ်လုပ်ဖြန့်ဖြူး-ကြောင်း၊ ငါးထုတ်လုပ်မှုစရိတ်သက်သာစေရန်၊ အသား-တိုးနှုန်း-ကောင်းမွန်စေရန် သန့်ရှင်းလတ်ဆတ်သော ကုန်ကြမ်းများဖြင့် ဖြည်တွက်အား-ဆေးများဖြင့် ရောစပ်ထည်သွင်း ဖော်စပ်ထား-ကြောင်း သတင်းအဖွဲ့အား ရှင်းလင်း-ပြောကြား-သည်။

ရန်ကုန်ဖွို့လယ် ဒဂုံဖွို့နယ် မနော်ဟရိုလမ်း အမှတ်(၃၆)နေ ကိုဝင်းထွန်းမိသား-စုအား တိလာပီးယား-ငါး အလှအပသဖြင့် အလွှာစု၊ လူစု၊ နိုင်ငံတကာစုံက တစ်ဝင်စား-မြန်းရာ သတင်းမွေးနေသော တိလာပီးယားကို စိတ်ဝင်တစား တက္ကူးတက လာရောက် ဝယ်ယူခြင်းဖြစ်ကြောင်း၊ ဈေးကသက်သာ၊ စားလို့ကလည်း-အရသာရှိ၍ လူကြိုက်များခြင်းဖြစ်ကြောင်း၊ အဆီဓာတ် နည်း-ပါး၍ ဆွေးတိုး-နုလုံး၊ ဆီချိုရောဂါများ ကာကွယ်ပေး၍ ကျန်းမာရေး-နှင့်လည်းညီကြောင်း၊ ဈေး-နှုန်း-ကလည်း သက်သာအဖို့-နည်း-ဝန်ပါဖြစ်၍ အလွှာစု၊ လူစု၊ နိုင်ငံတကာအစုံက ကြိုက်နှစ်သက်လက်ခြေပြီဖြစ်ကြောင်း ပြောပြသည်။

တိလာပီးယား-ငါးသည် ကျန်းမာခြင်း-နှင့်အညီ အာဟာရပြည့်ဝ၊ နိုင်ငံတကာ ငါးဈေး-ကွက်တွင် ဝင်ဆုံနေသဖြင့် အလွှာစု၊ လူစု၊ နိုင်ငံတကာစုံက စိတ်ဝင်စား လာသည် တိလာပီးယား-ငါးဟုပင် ဆိုရမည်ပင်ဖြစ်သည်။ လူတိုင်းပါ၊ စပ်ဖျာက တိလာပီးယားဟုပင် ပြောဆိုရသည်အခြေအနေသို့ ရောက်ရှိနေသည်။

တစ်ချိန်က ခေတ်မီသူတိုင်း ပင်လယ်ငါးကိုစာ-ကြသည်ဟု ဆိုခဲ့သလို ယနေ့အချိန်အခါတွင်လည်း ကျန်းမာချမ်းသာလိုသူတိုင်း တိလာပီးယားငါး စားကြသည်၊ မွေးမြူကြသည်ဟု ဆိုရမည်ဖြစ်မည်။ ။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် ခရိုင်ချင်းဆက်လမ်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး၀န်ကြီးဌာန ၀န်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြား-ရေးမှူး ချုပ် ဦးမျိုးမြင့် လိုက်ပါပျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဒေါ်ဘီဖြူနယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေဦးစွာ ၀န်ကြီးနှင့် အဖွဲ့သည် ညောင်နှစ်ပင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား-ရေးမှူး ဦးကြိတိုင်းဆောင်က ခရိုင်ချင်းဆက်လမ်း တိုးချဲ့ဖောက်လုပ်နေသည့် အင်းကန်၊ ဝါးနက်ချောင်း-မှ ကြာအင်း (အနောက်)ကျေးရွာနှင့် အမှတ်(၃) လမ်းမကြီးသို့ ဆက်သွယ်သည့် လမ်းမကြီးအခြေအနေများကို မြေပုံကား-ချပ်များဖြင့် ရှင်းလင်း-တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြား-သည်။

ထိုမှတစ်ဆင့် ၀န်ကြီးနှင့်အဖွဲ့သည် ၀ါးနက်ချောင်းကျေးရွာ လမ်းဆုံမှ ကြာအင်း(အနောက်) ကျေးရွာနှင့် အမှတ်(၃) လမ်းမကြီးသို့ ဆက်သွယ်မည့်လမ်းကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ ဒါရိုက်တာ ဦးမြင့်ကြီး၊ ဒေါက်တာ မိုးမကမြိ အပြီးဖောက်လုပ်ရန် မှာကြား-ကာ လျာထား-သည့် လမ်းအရှည်ကြောင်း-တစ်လျှောက်ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေး-သည်။

အဆိုပါလမ်းပြီးစီး-ပါက မော်ဘီဖြို့နယ် အနောက်ခြမ်း-ရှိ ဝါးနက်ချောင်း-နှင့် အခြား-ကျေးရွာ အုပ်စုများ-နှင့် လှည်း-ကူးဖြို့နယ်ရှိ ကျေးရွာအုပ်စုများ လွယ်ကူလျင်မြန်စွာ ဆက်စပ်သွား-လာနိုင်ပြီး အမှတ်(၃) လမ်းမကြီး-မှတစ်ဆင့် ရန်ကုန်ဖြို့သို့ လွယ်လင့်တကူ အဆင်ပြေစွာ သွား-လာနိုင်စည်းဖြစ်သည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ်ခံအားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ခဲ့ပါ

၂၀၀၅-ခုနှစ်၊ မေလ(၃)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် (၁၆၅၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတ တိုးပွားစေရန် ကျေးရွာကိုယ့်အား-ကိုယ်ကိုး စာကြည့်တိုက်များ-အတွက် စာအုပ်များ-ကို ပြန်ကြား-ရေး-နှင့် ပြည်သူ့ဆက်ဆံရေး-ဦးစီး-ဌာန ခရိုင်/မြို့နယ်ရုံးများ-သို့ လှူဒါန်း-နိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဒဂုံဖွို့သစ် (မြောက်ပိုင်း) (၃၅)ရပ်ကွက် ပညာဒီမာန် ကိုယ်အား-ကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၀ ရက်က ကျင်းပရာ ဖွို့နယ်အေးရမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအတွင်းရေးမှူး ဦးတိုးမြင့်၊ ဖွို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်အေးနှင့် ဖွို့နယ်ပြည်ထောင်စု ကြိန်ဒိုရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးဝင်းတို့ ဓလိုက်ဖွင့်လှစ်ပေးစဉ်း

(ဖွို့နယ်ပြန်/ဆက်)

ဖြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

အာရှဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးတက်ရောက်ရန် ဝန်ကြီး ဗိုလ်ချုပ်လှဝင်းထွန်း တူရကီနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှဝင်းထွန်းသည် တူရကီနိုင်ငံ အနွေတန်ဘူလ်မြို့၌ မေ ၄ ရက်မှ ၆ ရက်အထိကျင်းပမည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ (၃၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ စင်ကာပူလေကြောင်းခရီးဖြင့် တူရကီနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အဖျိုးသာစီမက်နှံ၊ နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်ဖြင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်း၊ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်အတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာခိန်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးမင်းဟန်စိုးတို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရုန်ဟိုင်းမြို့၌ ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံ–တရုတ် အဆင့်မြင့် အရာရှိကြီးများ ညှိနှိုင်းမှုအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ မှတ်တမ်းတင်စာတိုပုံရိုက်စဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်ိန်းကျွန်းမြို့နယ် မဟာစည်မြဝတီသာသနာ့ရိပ်သာ၌ မြဝတီဆရာတော် ဘဒ္ဒန္တ ပဏ္ဍာဝံသအား သိက္ခာထပ်၊ ရဟန်း၊ ရှင်ပြု အလှူတော်မင်္ဂလာနှင့် နှစ်ထပ်ရွှေဒေါင်းယဉ် ယောဂီဆောင် ဧရာဂံကျ အလှူတော်မင်္ဂလာအခမ်းအနား၊ ကို မေ ၁ရက်ကပြုလုပ်ရာ မြဝတီဆရာတော်နှင့် အလှူရှင် ဦးတင်–ဒေါ်ထား၁၄(ရွှေဒေါင်း၊ယဉ်ရွှေမိုင်း၊ သဃ်ိန်းကျွန်းဈေး) တို့က နှစ်ထပ်ယောဂီဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၅၀၆)

သီရိမင်္ဂလာကျောင်း ခုနှစ်ရက်တရား စခန်း

ရန်ကုန် မေ ၃

ပဲခူးမြို့နယ် ဥသာမြို့သစ် ရပ်ကွက် (၆) ဘုရင်နောင်လမ်းမရှိ သီရိမင်္ဂလာဝတ်ပါဘုရား ကျောင်း(တပ်ဦး) မိုးကုတ် ဝိပဿနာ အဖွဲ့ခွဲ(၂၉၈)တွင် (၄၇) ကြိမ်မြောက် ခုနစ်ရက်တရား စခန်းကို မေ ၂ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရား စခန်းပွဲတွင် ဓမ္မကထိကများ အဖြစ် ဆရာတော် ဦးတိလောက(ပဲခူး)၊ ဦးဉာဏိန္ဒနှင့် ဦးတိလောက(ရန်ကုန်) တို့က ဟောကြားပြသမည်ဖြစ်ပြီး တရား စခန်း ဝင်လိုသည့် ယောဂီများသည် မေ ၁ ရက် ညနေ ၄ နာရီ အရောက်လာရောက်ကြရန် နှိုးဆော်ထား သည်။ (က–ပ)

ဟာသဂျာနယ် အမှတ်(၈၄)ထုတ်ဝေ

ရန်ကုန် မေ ၃

တစ်လမျှ အနာ:ယူအာ:မွေ:ပြီး အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ပြောင်း လဲဖန်တီး ထား သော ဟာသ အတွေးသစ် အရေးသစ်တို့ဖြင့် အကြည်တော်၊ အဏ္ဏဝါစိုးမိုး၊ မာရဏ္ဍ၊ ခင်အောင်ဝင်း၊ သက်သက်သာ၊ ဒေါက်တာလမင်း၊ နန္ဒာစိုး(ဆင်ဖြူကျွန်း)၊ နုရိမင်း၊ မိုးဆက်လင်းထက်၊ အော်ပီကျယ်၊ ကာတွန်း ဝင်းအောင်၊ ဂန္ဓ ဝင်၊ ဗိုမောင်၊ ထက်မိုးတို့ ပါဝင်ရေးသား ထား သည် "ဟာသ" ဂျာနယ်၊ အတွဲ (၂)၊ အမှတ် (၈၄)ကို ဦးတင်စိုးဖြန်ချိရေး၊ ရွှေတိဂုဟုရာ:လမ်း(ရန်ကုန်)နှင့် ထွန်းဦးစာပေ(မန္တလေး)တို့က ဖြန့်ချိကြောင်း သိရသည်။

(က–ပ)

စက်ချုပ်သင်တန်းနှင့် စာရေးဝန်ထမ်းသင်တန်းဖွင့်

ရန်ကုန် မေ ၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ယမန်နေ့ နံနက် စနှင်္ဂါတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသော အိမ်တွင်းမှုအဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၈)၊ စာရေးနှင့်ထမ်းသင်တန်း အမှတ်စဉ်(၃၅)နှင့် (၃၆)သင်တန်းများ ဖွင့်ပွဲအခမ်းအနား သို့ တက်ရောက်အမှာစကား ပြောကြား သည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းများသို့ စစ္စမေ၊ ငါးသင်တန်းသူ ၁၀၇ဦး တက်ရောက်ကြပြီး သင်တန်းကာလများ ရက်သတ္တ ၁၂ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

အာဆီယံ–တရုတ် အစည်းအဝေး ဒုတိယဝန်ကြီးဦးကျော်သူ တက်ရောက်

ရန်ကုန် မေ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ဧပြီ ၂၉ ရက်မှ ၃၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံ–တရုတ် အဆင့်မြင့် အရာရှိကြီးများ ညှိနှိုင်းမှု အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မေ ၁ ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံမှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသရုပ်မှ သံမှူး Mr. Yu Boren နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူသည် ရုန်ဟိုင်းမြို့၌ရှိနေစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္ဆတာ ဝူတာဝေအား ဧပြီ ၂၈ရက် ညနေ ၃နာရီ ၁၅မိနစ်တွင် ပူတောင်ရုန်ဂရီလာ ဟိုတယ်၌ တွေ့ဆုံပြီး နှစ်နိုင်ငံကိစ္စရပ်များနှင့် အခြားနှစ်ဦးနှစ်ဖက် အကျိုးတူ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်အပြင် အာဆီယံ–တရုတ် ဆက်ဆံရေးနှင့် အခြားဒေသတွင်းကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဧပြီ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အာဆီယံ–တရုတ် အဆင့်မြင့်အရာရှိကြီးများ ညှိနှိုင်းမှုအစည်းအဝေးတွင် တရုတ်နိုင်ငံနှင့် အာဆီယံဒေသအတွင်း ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံ – တရုတ် ဆက်ဆံရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ဧပြီ ၂၉ရက် အစည်းအဝေးတွင် အာဆီယံနိုင်ငံများကိုယ်စား တရုတ်နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးသည်။

လိုက်ပါလာ

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စည်သူတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်တွင် ကျပ် ၇၅သိန်း အကုန်အကျခံ ဆောက်လုပ်ထားသည့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ် ဖွင့်ပွဲကို မေ ၁ရက်က ကျင်းပရာ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရွှိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးဓောချစ်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၆၁)

ထူးခြားသည့်နေ့အမှုချိန်များ

၃–၅–၂၀၀၅

မကွေး ၄၂ဒီဂရီစင်တီဂရိတ်

(၁၀၈ ဒီဂရီဖာရင်ဟိုက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃–၅–၂၀၀၅

မြင်ငဦးလွင်နှင့် ဘားအံ

၁ ဒသမ ၃၀လက်မ

မန္တလေးမြို့ ဈေးရိုင်းသူ၊ ဈေးရိုင်းသားများ၏ ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၃

မန္တလေးမြို့ ဈေးရိုင်းသူ၊ ဈေးရိုင်းသားများ၏ ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၉နာရီခွဲတွင် မန္တလေး ဈေးရိုင်းတော်ရှိ မြို့တော်ခန်း(၂)၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယကမန္တလေးတိုင်းဒေသကြီး သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးအမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဈေးရိုင်းသူ၊ ဈေးရိုင်းသားများ တက်ရောက်ကြသည်။

ဆွေးနွေးမှုအကြား

ဈေးဦးစွာမန္တလေးတိုင်းပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယကတိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အသင်းကြီး၏ ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးမှုအကြား သည်။

ပေးအပ်

ယင်းနောက် ဈေးရိုင်းသူ၊ ဈေးရိုင်းသားများက အသင်းဝင် အဆိုပြုလွှာ ၁၅၀၀ ကို ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းထံ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ အဆိုပြုလွှာများ အင်နှင့်အား နှင့် တင်သွင်းအဆိုပြုလာသည်အတွက် ဝမ်းသာပါကြောင်း၊ အသင်းဝင်များဖြစ်လာသည်နှင့် အညီ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို အမျိုးသားရေးကိစ္စအနေဖြင့် ထမ်းဆောင်သွားကြရန် ဖြစ်ကြောင်း၊ ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး သည်အမျိုးသားရေးတာဝန်များကို ကျေပွန်စွာဆောင်ရွက်ရန် ဖွဲ့စည်းထားသော အသင်းကြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ အသင်းသူ့အသင်း သားများသည် ခဲယဉ်ချက်၊ ယုံကြည်ချက် ပြည်ဝမှန်ကန်ကြရန် အရေးကြီးကြောင်း။

ယခုအချိန်သည် တိုင်းရင်းသားအားလုံး ပြည်ထောင်စိတ်ဓာတ်ဖြင့် တိုင်းပြည်နှင့် တိုင်းရင်းသားအားလုံး အကျိုးအတွက် တစ်စိတ်တစ်ဝမ်းတည်ပူးပေါင်းဆောင်ရွက်ကြရမည် အချိန်ဖြစ်ကြောင်း။

အသင်းကြီးသည် နိုင်ငံတော်ရှေ့ဆက်သွားမည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို အမျိုးသားရေးတာဝန်၊ သမိုင်းပေးတာဝန်အဖြစ် ခံယူဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ အရှိန်နှင့်အဟုန်ဖြင့် အမျိုးသားရေးကိစ္စများကို ဆောင်ရွက်လျက်ရှိရာ အဖျက်အင်အား စုကာ မနာလို မချင်ဆိတ်နိုင်ဖြစ်ကာ နည်းလမ်းဖြင့် နောင်ယှက်ဖျက်ဆီးနေသဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်နစ်နာ ဆုံးရှုံးရမှုများ ရှိလာကြောင်း။

တိုက်တွန်း

သို့ဖြစ်၍ အသင်းသား၊ အသင်းသူများသည် အဖျက်အမှောင်ရုန်းစွယ် အသွယ်သွယ်ကို အမျိုးသားရေးကိစ္စတစ်ရပ်အနေဖြင့် တွန်းလှန်ဖယ်ရှားသွားကြရန် တိုက်တွန်းကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်း ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေများ ပေးအပ်ကြရာ ၂၆ x ၂၇ လမ်းကြား ပလာဇာ ဈေးရုံသစ် ဈေးသူ၊ ဈေးသားများက ငွေကျပ်တစ်သိန်း၊ ဈေးရိုင်း ၂၇ x ၂၈ လမ်းကြားဈေးရုံ (၁၊ ၂၊ ၃ နှင့် ၇)တို့က ငွေကျပ်ခုနစ်သိန်း၊ အဆင့်မြင့်ဈေးရိုင်း ငွေကျပ်ခုနစ်သိန်း စုစုပေါင်းအလှူငွေ ကျပ်၁၄သိန်းကို မန္တလေးတိုင်း ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးသို့ ပေးအပ်ကြသည်။

ထိုနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဈေးသူ၊ ဈေးသားများအား ခင်မင်ရင်းနှီးစွာ နွေထက်ဆက်ကြသည်။ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် နံနက် ၁၀နာရီခွဲတွင် မန္တလေးမြို့မဟာအောင်ဈေးမြို့နယ်ရှိ မန္တလေးခရိုင်ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင် များအား တွေ့ဆုံပြီး တင်ပြချက်များကို ဖြည်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဝင်းသုဓာ အရောင်းဆိုင်သို့ ရောက်ရှိစစ်ဆေးသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မြန်မာ့ဓာတ်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းတို့သည် မှန်းလွဲ ၂နာရီတွင် မန္တလေးစက်မှုဇုန် စက်မှုဇုန်များ အဆင့်တို့မြင့်ဈေးစိမ်ကန်း Foundry Shop သို့ ရောက်ရှိကြပြီး စက်များတပ်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးတို့သည် Machine Shop သို့ရောက်ရှိကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်း မန္တလေး တော်ဝင်စက်မှုလက်မှုလိမ်တက်ရုံ၌ စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တင်ပြ

ရှေးဦးစွာ စက်မှုဇုန်များအဆင့်တိုးမြှင့်ရေးစီမံကိန်း သရုပ်ကျကျ၊ စက်ရုတ်စာ၊ စက်ရုများ တည်ဆောက်ရေးလုပ်ငန်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်း၊ မှ UD ဦးခင်မောင်ဝင်း၊ မန်းစတားကား ထုတ်လုပ်ရေးလုပ်ငန်း၊ ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က စက်ရုတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဘတ်စ်ကား၊ ထရပ်ကား ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်က ပြည်စွက်တင်ပြသည်။

ယင်းနောက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းက လိုအပ်ချက်များကို ဖြည့်ဆည်းမှုကြောင်းသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအေးမြင့် ပြည်နယ်၊ တိုင်း အသီးသီးမှ လေ့လာရေး လူငယ်များအား ကြိုဆိုနှုတ်ဆက်

ရန်ကုန် မေ ၃

ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လူငယ်လေ့လာရေးနှင့် အတွေ့အကြုံလေ့ယဉ်ရေးခရီးစဉ်အရေ စစ်ကိုင်းတိုင်းသို့ ရောက်ရှိလာသော ပြည်နယ်၊ တိုင်းအသီးသီးမှ အသင်းဝင်လူငယ်များအား ကြိုဆိုနွှဲတိုက်ဆက်ပွဲကို မေ ၁ရက် နံနက် ၁၁နာရီတွင် စစ်ကိုင်းဖြို့ ဖြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်းအဆင့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းဖြို့နယ် ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်၊ တိုင်း အသီးသီးမှ လူငယ်လေ့လာရေး အဖွဲ့ဝင်များ၊ အသင်းဝင်လူငယ်ဝေါဟာရမယ်များ တက်ရောက်ကြသည်။

အခမ်းအနာတွင် ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က အသိပေးနှုတ်ဆက်စကား ပြောကြားကြသည်။

လူငယ်လေ့လာရေးခရီးစဉ်အရေ ပြည်နယ်၊ တိုင်းတစ်ခုလျှင် လူငယ်နှစ်ဦးကျစီဖြင့် လူငယ် ၃၂ ဦးတို့သည် မေ ၁ရက်မှ ၅ရက်အထိ မုံရွာမြို့၌ Home Stay နေထိုင်၍ စစ်ကိုင်းတိုင်းအတွင်း တန်ခိုးကြီးဘုရားများ၊ ဖူးမြော်ခြင်း၊ ဖွဲ့ဖြိုးတိုးတက်မှုများကို လေ့လာခြင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ စစ်ကိုင်းတိုင်းမှ လူငယ်များနှင့် အတွေ့အကြုံအသိအမြင် ဖလှယ်ခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်သည်။

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် ယမန်နေ့ နံနက် ၉နာရီတွင် စစ်ကိုင်းဖြို့၌ ကျင်းပသော စစ်ကိုင်းဖြို့ အားကစားခန်းမသစ်ဖွင့်ပွဲသို့ တက်ရောက် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ဖွင့်ပွဲအထိမ်းအမှတ် ကြေးပြာမော်ကွန်း၊ ကမ္ဘည်းကို စက်လုတ်နှိပ် ဖွင့်လှစ်ပေးကာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ကြေးပြာမော်ကွန်းကမ္ဘည်းကို အမွေးနံသာရည်များဖြင့် ပက်ဖျန်းကြသည်။

ဆက်လက်၍ အခမ်းအနာ ဒုတိယပိုင်းအစီအစဉ်ကို အား၊ကစား ခန်းမ၌ ကျင်းပရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ယင်းနောက် စစ်ကိုင်းဖြို့ အားကစားခန်းမကို တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသို့အသိသိမ်းပေးအပ်ကြပြီး အား၊ကစား၊ခန်းမကို တာဝန်ယူဆောက်လုပ်ခဲ့သည် ရဲမွန် ဆောက်လုပ်ရေးမှူး ဦးအောင်ကျော်ဆန်း၊ ကအား၊ကစား၊ခန်းမနှင့် သက်ဆိုင်သည် စာရွက်စာတမ်းများကို အား၊ကစား၊ခန်းကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆော်လင်းသို့ လွှဲပြောင်း ပေးအပ်သည်။

ဆက်လက်၍ အား၊ကစား၊နှင့် ကာယပညာသိပ္ပံ (မန္တလေး)နှင့် စစ်ကိုင်းတိုင်း မှမျိုဆက်သစ်အား၊ကစား၊သမား များ၊ကစားကောင်းဆုံး၊ ဗိုလ်ကွမ်ဆိုး၊ ဝူရှူးနှင့် မြန်မာ့ဆိုင်း အား၊ကစား၊နည်းများ ဖြင့် သရုပ်ပြကြပြီး တိုင်းမှူးနှင့် ဝန်ကြီးက သရုပ်ပြအဖွဲ့များသို့ ဂုဏ်ပြုမှု ဖြင့်ငွေများ ပေးအပ်ကြသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးမြို့ ဈေးရိုင်းသူ၊ ဈေးရိုင်းသားတို့၏ ပြည်ထောင်စုကြိုးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(စက်မှု-၁)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၅-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အမွှေ့သံချင်း
၇:၁၀ ၃။ မျိုးရစိတ်ပန်းတော်
၇:၂၀ ၄။ မြန်မာပြည်ဝန်စဉ်း၊ ရှောင်စုမှတ်တမ်း
၇:၃၀ ၅။ မြန်မာ့ဟသံစုံဆို၊ ၁၀
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကပရောရ၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အမွှေ့သံချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပန်ကိုတယ်
၄:၂၀ ၅။ မျိုးစိတ်ပန်းမတော်
၄:၃၀ ၆။ ကျန်းမာကြွေစိုင်ဒိုဇိုင်း
၄:၅၀ ၈။ ရင်ခုန်စိ၊ ဆင်းသုခစံသိချင်း
၅:၀၀ ၉။ **အဝေးသင်ညွှန်ကြားရေးပို့ချအစီအစဉ်**
– 'RANDOM VARIABLES and DISTRIBUTION FUNCTION
(ဒုတိယနှစ်–စီးပွားရေး)
၅:၃၀ ၁၀။ မြတ်ဗိုကြေးအမျိုးသားမေ့
၅:၄၀ ၁၁။ သာယာသံကြေးတေတဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရထားရလင်ရုံမြင့်စာတိလမ်း "ငယ်ရွယ်ဦး" (အပိုင်း-၃၇)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ မုံရွာသာယာပြည်မြန်မာ
၂၀။ ဇွဲစိဒိုကျော်ကြား၊ တေးများ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရထားလင်ရုံမြင့်စာတိလမ်း "ရန်သူ သုံ့ပန်းကား၊" (အပိုင်း-၅)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းအတွက်ငွေများလှူဒါန်း

ရန်ကုန် မေ ၃

ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့်ကွပ်ကဲမှုအောက်ရှိ ဆေးရုံဆေးတပ်များမှ အရာရှိ၊စစ်သည်မိသားစုများက ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများအဖြစ် ရွှေငြားသက်နံ့တော်ခြောက်ကျပ်သား၊ တစ်ပြားအတွက် အလှူတော်ငွေ ကျပ် ၁၁၇၀၀၀၀၊ ရင်ပြင်တော် ရာဟုထောင့်ရှိ စေတီတော်အမှတ် (၁၆)အား ပြုပြင်မွမ်းမံရွှေသက်နံ့ကပ်လှူရန် အလှူတော်ငွေ ၆၁၉၇၀၃၂ ကျပ်နှင့် ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူတော်ငွေ ၁၈၆၃၆၈၈ကျပ် စုစုပေါင်း အလှူတော်ငွေ ကျပ် ၇၅၅၃၀၀၀ကို ယနေ့နံနက် စနာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်ရှိ ရွှေဟောင်းဗုဒ္ဓရုပ်မှာ-တော်များ တန်ဆောင်း၌ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့အလှည့်ကျ သဘာပတိ ဂေါပကအဖွဲ့ဝင် ဦးကြီးမြင့်က လက်ခံ၍ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။ **(ဝဲပဲ့)** (သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သီတာလမ်း အမှတ် (၁၂)ရှေ့ ကွယ်လွန်သူဒေါ်ခင်ရီအား ရည်စူး၍ ကျန်ရစ်သူ ဦးသိန်းတင်မိသားစုတို့က ဒဂုံမြို့နယ် အမှတ် (၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၏ တိုးချဲ့ခန့်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနယက ဆရာတော် ဘဒ္ဒန္တဝိနယဓရ အနုမောဒနာ နာယူပြီး ရေစက်ချ၍ ဟိ-နီ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်း။

(ကြေးမုံ)

ကြည့်ရှုအားပေး

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ဖြို့နယ်များမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ စုဝေးပြီးသွေးလှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။(သတင်းစဉ်)

ဒါနဥပဝါရမီ သွေးလှူဒါန်းနိုင်

ရန်ကုန် မေ ၃

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသောစနေဆောင်ဖယ် သွေးလှူရှင်များအသင်း၏ (၁၁) ကြိမ်မြောက် ဒါနဥပဝါရမီ သွေးလှူဒါန်းပွဲကို မေ ၈ ရက် (တနင်္ဂနွေ) နံနက် ၈ နာရီတွင် ဥက္ကလာပစေတီတော် မဟာမုနီဓမ္မာရုံ၌ ကျင်းပဆဲဖြစ်ရာ အသက် (၁၈)နှစ်ပြည့်ပြီးသူ မည်သူမဆို သွေးလှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံးဖုန်း-၅၆၆၆၃၃၃ သို့ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၄)

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီး သွေးလှူဒါန်း

ရန်ကုန် မေ ၃

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်းသားများ၊ ရန်ကုန်တိုင်းအတွင်းရှိ ဖြို့နယ်များမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သည် ယနေ့နံနက် ၆နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီး သွေးလှူဒါန်းကြသည်။

ကြည့်ရှုအားပေး

အဆိုပါ မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် သွေးလှူဒါန်းခြင်းကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတို့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအား ပေးကြသည်။

ယင်းအခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင် ၆၅၀ဝတို့က သန့်ရှင်းရေးဆောင်ရွက်ကြပြီး မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့က သွေးလှူဒါန်းကြသည်။

အလားတူ ဒဂုံမြို့နယ်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ မီးသတ်တပ်ဖွဲ့ဝင် ၂၅၀တို့က သန့်ရှင်းရေး လုပ်အား ပေးဆောင်ရွက်ကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့က သွေးလှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သွေးလှူဒါန်းခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမှတ်(၂) တပ်မတော်ဆေးရုံ ရောဂါဗေဒဌာနမှ ဌာနမှူး ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ညဏ်ထိန်လင်း က သွေးနှင့်ပတ်သက်သည် သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အထွေထွေရောဂါကုသမှုဌာန ဌာနကြီးမှူး ပါမောက္ခ ဗိုလ်မှူးကြီးရဲသွေး က မီးသတ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

အာဆင်နယ်က ဝက်စ်ဘရွန်းကို အနိုင်ရအမှတ်ပေးဇယား၌ ဒုတိယနေရာ၌ရပ်တည်

လန်ဒန် မေ ၃

ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲတွင် ဒုတိယနေရာအတွက် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်နေရသော အာဆင်နယ်အသင်းသည် တနလ်ာနေ့က ကျင်းပသောပွဲတွင် ဝက်စ်ဘရွန်းအသင်းကို နှစ်ဂို-၀ဂို မရှိဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ အနိုင်အမာ ရပ်တည်လျက်ရှိသည်။

အာဆင်နယ်အသင်းက မန်ချက်စတာယူနိုက်တက်အသင်းထက် လေးမှတ်အသာဖြင့် ရပ်တည်နေဆဲနိုက်တွင် ဝက်စ်ဘရွန်းအသင်းသည် အိမ်ကွင်းတွင် အာဆင်နယ်အသင်းကို ၅-၁ခဲခြင်းဖြင့် ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲတွင် ဆက်လက်ရှင်သန်ခွင့်ရရှိရာ ဖျော်လင်ချက်များမှာ မေ့ဖွဲ့ဖို့သွားပြိုဖြစ်သည်။ အာဆင်နယ်အသင်းသည် ဒုတိယနေရာ၌ရှိနေခြင်းဖြင့် လာမည့်နှစ် ချန်ပီယင်လိဂ် ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲကစား၍ခြင်းမှ ရှောင်လွှဲနိုင်မည်ဖြစ်သည်။

တန်ဆင်းဇုန်သို့ ရောက်ရှိမည်အရေး ရာတက်မအေးဖြစ်နေရသော ဝက်စ်ဘရွန်းအသင်းသည် မေ ၇ ရက်တွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ပွဲကျပ် ဆက်လက်ကစား၍ရှိုးမည်ဖြစ်သည်။

ယခုပွဲတွင် ဝက်စ်ဘရွန်းအသင်းသည် ပထမပိုင်းတွင် ဖိကစား၍ပြီး အာဆင်နယ်အသင်းမှာ စိတ်ရှည်စွာဖြင့် ခက်ခက်ခဲခဲကစား၍ရသည်။

အာဆင်နယ်အသင်းအတွက် ပထမဂို့ကို ပွဲချိန် ၆၆ မိနစ်တွင် ဟိုဆေး အင်တိုနီယိုရေးယယ်ခ် ဖြတ်ပို့ပေးလိုက်သော ဘောလုံးကို ဒတ်ချ်တိုက်စစ်မှူး ဗန်ပါစီက သွင်းယူခဲသည်။

ဒုတိယပိုင်းတွင် လူစာဝင်လာသူ အီဒူးက မိနစ် ၇၀ ၌ ညာဘောင်ပမှ ဒင်းနစ်ဘား၊ကမ်ဖ် ဖြတ်ပို့လိုက်သော ဘောလုံးကို ကန်သွင်းလိုက်သဖြင့် ဒုတိယဂို့ ရသွား၊ခြင်းဖြစ်သည်။ (ဆင်ဟွာ)

မေ ၂ ရက်ကကျင်းပသည့် ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲတွင် ဝက်စ်ဘရွန်း-အသင်းမှ ရွန်နီဓေါလ်ဝါစ်နှင့် အာဆင်နယ်-အသင်းမှ ဧရာဘတ် ပီရက်စ်တို့ ဘောလုံးယှဉ်လှုံကြစဉ်း။ (ခဘတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံ ဘေဝ်ဘော အားကစားအဖွဲ့ချုပ်နှင့် အားကစားသမားများတွေ့ဆုံ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ ဘေဝ်ဘောအားကစား အဖွဲ့ချုပ်နှင့် ဘေဝ်ဘောအားကစားသမားများ ထွေ့ဆုံပွဲကို ယမန် နေ့နံနက် ၁၀နာရီက ဗဟန်းမြို့နယ် M-3 စားသောက်ဆိုင်၌ကျင်းပရာ မြန်မာနိုင်ငံ ဘေဝ်ဘောအားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မြတ်ဦးက အမှာစကား ပြောကြားပြီး အဖွဲ့ချုပ်အလုပ်အမှုဆောင်များနှင့် အားကစားသမားများ တစ်ဦးချင်းမိတ်ဆက်သည်၊ဆက်လက်၍ အလှူငွေပေးအပ်ခဲ့ကျင်းပရာ ဥက္ကဋ္ဌ ဦးအောင်မြတ်ဦးက ကျပ် ၁၀ သိန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနိုင်ဝင်းပါက ကျပ် ငါးသိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြတ်ဦးက ကျပ်သုံးသိန်း ပေးအပ်လှူဒါန်းကြရာ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆုက လက်ခံရယူသည်။ ထို့နောက် မြန်မာနိုင်ငံ ဘေဝ်ဘောအားကစား၊အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနိုင်ဝင်းပါက ကျေးဇူးတင်စကား ပြောကြားသည်။ (ကြေးမုံ)

ဘဒ္ဒန္တကုသလ ရုပ်တုတော်ပူဇော်ပင့်ဆောင်မည်

ရန်ကုန် မေ ၃

ဘဝနတ်ထပျဉ်လွန်တော်မူပြီးဖြစ်သော ဒေးဒရဲမြို့ တောကျောင်းတိုက်ကြီးနှင့် စိန္တာမုနိဘုရားကြီး ကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာန မဟာနာယက ဘဒ္ဒန္တကုသလ (နိုင်ငံတော်ဗဟိုသံဃာဝန်ဆောင်) ဆရာတော်ကြီး၏ ရုပ်တုတော်ကို မေ ဂုရက် (စနေနေ့)တွင် ၅၅၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်ရှိ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)မှောရဲကြီး၌ အပူဇော်ခံမည်ဖြစ်သည်။ မေ ၈ရက် နံနက်ခန့်ရောက်တွင် ဒလကားဂိတ်မှ ဒေးဒရဲမြို့သို့ အခမ်းအနားဖြင့် ပင့်ဆောင်မည်ဖြစ်ပါသဖြင့် လိုက်ပါလိုသူများသည် ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) မှောရဲနှင့် အကျိုးဆောင် ဒေါ်ကျင် ထွေး ဖုန်း-၅၅၇၇၂၀၊ ၂၄၁၄၆၀ထံ စာရင်းပေးသွင်းနိုင်သည်။ မေ ၁၂ရက် (ကြာသပတေးနေ့) တွင် ဒေးဒရဲမြို့ တောကျောင်းတိုက်၌ နှစ်ပတ်လည်အခမ်းအနား၊ကို ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

လိပ်မျိုးများရေရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးနှိုးဆော်ချက် ၁/၂၀၀၅

လိပ်မျိုးများသည် ရေးအကျဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး သတ္တဝါများဖြစ်ပါသည်။ ယခုအခါ ကမ္ဘာ့ပေါ်တွင် လိပ်မျိုးစိတ်အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်မည်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြန်းတီးလုသတ္တဝါမျိုးစိတ်တွင်သတ်မှတ်ထည်သွင်း၍ ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပင်လယ်လိပ်များသည် အရွယ်ရောက်ရန် အနှစ်(၃၀)မှ(၅၀)အထိ ကြာမြင့်ပြီး အရွယ်ရောက်လိပ်ကြီးတစ်ကောင်ဖြစ်လာရန် မမျှော်မှန်းနိုင်လောက်အောင် ခဲယဉ်းပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ပင်လယ်လိပ်မျိုးစိတ် (၇)မျိုးရှိရာ မြန်မာနိုင်ငံတွင် (၅)မျိုးဆွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်မျိုးမပြုန်းတီးရေးနှင့် မြန်မာသက်ရှိ သယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် ဖြို့ဆောင်အပ်ပါသည်။

၁။ လိပ်ဥများကို တူးဖော်စား၊သုံးခြင်း၊မပြုရန်နှင့် လိပ်သား၊ပေါက်များအား ထိန်းသိမ်းစောင့်ရှောက်ရှင်သန်ခွင့်ပေးရန်။

၂။ လိပ်များကို သတ်ဖြတ်စား၊သုံးခြင်း၊မပြုရန်နှင့် ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းဆီးရမိပါက ဘေးကင်းရာရေပြင်သို့ ပြန်လွှတ်ပေးရန်။

၃။ ငါးဖမ်းရေယာဉ်ရှိ ပိုက်များ၌ လိပ်များ လွတ်ထွက်စေနိုင်သော ကိရိယာ Turtle Excluder Devices(TEDs)များ တပ်ဆင်သုံးစွဲရန်။

၄။ ငါးဖမ်းပိုက်အစများ၊ ရော်ဘာစများ၊ ပလတ်စတစ်အိတ်ခွံများနှင့် စက်သုံးလွှန်ပစ္စည်းများ၊ ဓာတုဗူနှံပစ်ပစ္စည်းများ ရေပြင်သို့ပစ္စန်ပစ်ရန်။

၅။ ငါးလုပ်ငန်း၌ ဦးစီးဌာနမှ ထုတ်ပြန်ထား သော အဓိန့်ကြော်ငြာစာအမှတ် (၂/၉၃)ပါ ငါးလုပ်ငန်း၌ ဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ မည်သည်လိပ်မျိုးကိုမဆို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ အနောင့်အယှက်ပြုခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထား၍ခြင်း၊ တို့အပြင် လိပ်ဥများကို ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထား၍ခြင်းနှင့် အခြားနည်းတစ်စုတစ်ရာဖြင့် နှောင့်ယှက်ခြင်း မပြုလုပ်ရန်ထုတ်ပြန်ထားသည် တားဖြစ်ချက်များကို လိုက်နာရန်။

မမျိုးမြို့ရေးနှင့်ရေလုပ်ငန်း၁နိုက်ဦးဌာန
ငါးလုပ်ငန်း၌ဦးစီးဌာန။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အင်းတကော်စက်မှုနယ်မြေရှိ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနဖွင့်ပွဲ၊ သံရည်ကျိုတိုးချဲ့အလုပ်ရုံဖွင့်ပွဲနှင့် အလူမိနီယံဝါယာကြိုးထုတ်လုပ်ရေး စက်ရုံဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ဂုနာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော် စက်မှုနယ်မြေသို့ ရောက်ရှိပြီး သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန၊ သံရည်ကျိုတိုးချဲ့အလုပ်ရုံနှင့် အလူမီနီယံဝါယာကြိုးထုတ်လုပ်ရေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ၊ လျှပ်စစ်စွမ်းအား၀န်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ တပ်မတော်အရာရှိကြီးများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အင်းတကော် စက်မှုနယ်မြေမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော် စက်မှုနယ်မြေ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် အသင်း၀င်အင်အား ၄၃သမ ၃၀၀သန်းကျော် စည်းရုံးစုစည်းထားနိုင် ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နေ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် စနာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအဆောက်အဦးအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေး၀န်ကြီးဌာန ၀န်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားကြားကြားသည်။

ကြည့်ရှုဓာတ်ပေး

ကျန်းမာရေး၀န်ကြီးဌာန ၀န်ကြီး ဒေါက်တာကျော်မြင့်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေး၀န်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုကော်မစ်ဝင်များ၊ ဂုဏ်ထူးဆောင်နာယကကြီးများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✧

နိုင်ငံတကာစျေးကွက်ဝင် တီလာဒီးယားငါး

သတင်းဆောင်းပါး—စိန်ရွှေလှိုင်၊ ဓာတ်ပုံ—ရွှေထူး(သတင်းစဉ်)

ရန်ကုန် မေ ၃

မြန်မာလူမျိုးများ နောက်ဆုံးပေါ် မျိုးကောင်းမျိုးသန့် တီလာပီးယားငါးမျိုးသစ်ကို မွေးမြူစားသုံးစေခြင်းဖြင့် ထူးကဲသောအရသာသိရှိပြီး နှစ်ခြိုက်လက်ခံအစာဖြစ်စေရန်၊ ကျေးလက်ဒေသနေ တောင်သူလယ်သမားများ တစ်နိုင်တစ်ပိုင် နိုင်ငံအနှံ့မွေးမြူနိုင်သော ငါးမျိုးဖြစ်သောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရန် တီလာပီးယားငါး

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

မျိုးကောင်းမျိုးသန့်၊ အာဟာရပြည့်ဝ၊ နိုင်ငံခြားငွေရရှိသည့် တီလာပီးယားငါးများ။